ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 5 August 2019 ၉၇၃၂

# မြန်မာနိုင်ငံပါဝင်သည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် နိုဝင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် သဘောတူ


**နေပြည်တော် ဩဂုတ် ၄**

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ၏ (၈)ကြိမ်မြောက် ဝန်ကြီးများအဆင့် ကြားဖြတ်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂ ရက်မှ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**ဆောင်ရွက်ရန် သဘောတူ**

အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (၈)ကြိမ်မြောက် ဝန်ကြီးများအဆင့် ကြားဖြတ်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်လာသည့် အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# လှိုင်သာယာမြို့နယ်၌ ကျပ်သိန်း ၃၀၀၀ နီးပါးကုန်ကျမည့် YBS ယာဉ်ရပ်နားကွင်း တည်ဆောက်မည်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တမာကုန်းတွင် ကျပ်သိန်း ၃၀၀၀ နီးပါးကုန်ကျမည့် YBS ယာဉ်ရပ်နားကွင်း တည်ဆောက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

**တင်ဒါအောင်မြင်**

အဆိုပါယာဉ်ရပ်နားကွင်းကို လှိုင်သာယာမြို့နယ် တမာကုန်းရှိ မြေ ၁ ဒသမ ၈၃၆ ဧကပေါ်တွင် တင်ဒါအောင်မြင်ထားသည့် ပြေအောင်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)အနေဖြင့် လှိုင်သာယာမြို့နယ်တွင် YBS ယာဉ်ရပ်နားကွင်း တည်ဆောက်နေပြီး ပုဇွန်တောင်မြို့နယ်တွင်လည်း ကျောင်းကားယာဉ်ရပ်နားကွင်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် YRTA အနေဖြင့် YBS ယာဉ်ရပ်နားကွင်းများ ဆက်လက်တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် မြေနေရာများ ရှာဖွေလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ယာဉ်ရပ်နားကွင်း မလုံလောက်သောကြောင့် YBS ယာဉ်များ လမ်းဘေးများတွင် ညအိပ်ရပ်နားနေရသောကြောင့် ယာဉ်တိုက်မှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ ကြုံတွေ့နေရကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)ထံမှ သိရသည်။ **ငြိမ်းငြိမ်း**

**ကြေးမုံ ယနေ့ ဖတ်စရာ**

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ ကျင်းပ စာမျက်နှာ » ၃

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု ဗဟိုအဆင့် ဖွင့်ပွဲအခမ်းနား(၂၀၁၉) ကျင်းပ စာမျက်နှာ » ၇

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေး အခမ်းအနားကျင်းပ စာမျက်နှာ » ၁၀

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

ကြေးမုံ

# စာပေမှရသောအသိဖြင့် ဘဝမြှင့်တင်

မြန်မာစာပေသည် အခြားစာပေများနှင့်မတူ မိမိတို့၏ဘဝမြင့်မားတိုးတက်ရေးအတွက် အသိအမြင် ဗဟုသုတများစွာပေးစွမ်းနိုင်သည့် ခွန်အားများ ပြည့်လျှံနေပါသည်။ စာပေဟုဆိုရာ၌ ရသစာပေဖြစ်စေ၊ သုတစာပေဖြစ်စေ၊ သုတရသစာပေဖြစ်စေ တန်ဖိုးရှိသောစာပေများကို ဆိုလိုပါသည်။ ထိုစာပေများကို ဖတ်မှတ်၊ လေ့လာ၊ ဆည်းပူးမှတ်သားခြင်းဖြင့် အသိအမြင်ဗဟုသုတများ တစ်စတစ်စတိုးပွားစေပါသည်။

ပုဂံခေတ် ရာဇကုမာရ်ကျောက်စာ(ယနေ့ထက်တိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိသော မြစေတီကျောက်စာ)တွင် မြန်မာစာပေသည် “ကျေးဇူးတရားသိတတ်ခြင်း” မှစခဲ့သည်ဟု မြန်မာပညာရှိစာရေးဆရာကြီး ဦးဖေမောင်တင်၏ ပြောကြားချက်အရလည်းကောင်း၊ အနုပညာစာပေမှာ “ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း” ဟု မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၏ ရေးသားဖော်ပြချက်အရလည်းကောင်း မြန်မာစာပေ၏ တန်ဖိုးကြီးမားပုံကို သိရှိရပါသည်။

မြန်မာစာပေ၏ မြစ်ဖျားခံရာ အစဦးကတည်းက မြန်မာစာပေကို ဖတ်ရှုလေ့လာမှတ်သားခြင်းဖြင့် ကျေးဇူးတရားသိတတ်ခြင်း၊ အလုံးစုံယဉ်ကျေးခြင်းကို ဆောင်ကြဉ်းစေနိုင်သော အမြုတေကို ဆောင်ထားသည်ဖြစ်၍ ကျွန်ုပ်တို့ မြန်မာလူမျိုးများအနေဖြင့် အဖိုးတန်သော မြန်မာစာပေကို ဆည်းပူးလေ့လာခွင့်ရရှိသည့် မြန်မာလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူ၍မဆုံး၊ အခွင့်အလမ်းများပြည့်လျှံ၍မဆုံးဖြစ်ကြရသည်ဟု ခံယူကြရမည်ဖြစ်ပါသည်။

ထိုသို့ အခွင့်အလမ်းများပြည့်လျှံနေသော်လည်း မျက်မှောက်ကာလတွင် စာဖတ်မှုစွမ်းအားများ နည်းပါးလာကြခြင်းကြောင့်ဟု ဆိုရမည်ကဲ့သို့ပင် ကျေးဇူးတရားများကို သိတတ်မှုနည်းပါးလာခြင်း၊ လိမ္မာယဉ်ကျေးခြင်းတို့ ပါးလျားလာခြင်းတို့ကို မြင်တွေ့လာရသည်။ ထို့ကြောင့် မြန်မာတို့၏ ရှေးအစဉ်အဆက် စာပေယဉ်ကျေးမှုအစဉ်အလာများကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် တန်ဖိုးရှိသော မြန်မာစာပေများကို ဖတ်မှတ်ကြပါဟု တိုက်တွန်းလိုပါသည်။

ကျွန်ုပ်တို့မြန်မာလူမျိုးများသည် မြန်မာစာပေကိုတန်ဖိုးထားမှု နည်းပါးလာခြင်း၊ စာဖတ်ခြင်းအလေ့အထပါးလျားလာခြင်းတို့၏ အကျိုးဆက်အနေဖြင့် ယဉ်ကျေးလိမ္မာခြင်းနှင့် အသိပညာဗဟုသုတများခြင်းတို့ လျော့နည်းလာသဖြင့် အသိအလိမ္မာနှင့် ဆင်ခြင်တုံတရားနည်းပါးပြီး မဖြစ်သင့်သည်များနှင့် စိတ်မချမ်းမြေ့ဖွယ်ရာများ ပေါ်ပေါက်လာသည်ဟု ဆိုရမလိုဖြစ်နေပါသည်။ ထို့ကြောင့် ကလေးစာပေ၊ လူငယ်စာပေ၊ စာဖတ်ဝိုင်းများကို နေရာအနှံ့တွင် ကျင်းပပေးခြင်းအားဖြင့် အသိအမြင်ဗဟုသုတများတိုးပွားလာရေးအတွက် ဆောင်ကြဉ်းပေးမှုများကို လက်ကမ်းကြိုဆိုကြရမည်ဖြစ်သည်။ စာပေမှတစ်ဆင့် မိမိတို့၏ဘဝကို ဧကန်မုချမြှင့်တင်ပေးနိုင်သည်ဖြစ်၍ ခေတ်စားနေသော မိမိတို့၏လက်ကိုင်ဖုန်းမှတစ်ဆင့် လေ့လာခြင်းတို့အပြင် စာအုပ်စာပေများကို အချိန်ပေး၍ လေ့လာဖတ်ရှုကြရန်လည်း တိုက်တွန်းလိုပါသည်။

လူတစ်ယောက်အနေဖြင့် ကောင်းမွန်သော နှလုံးသွင်းဆင်ခြင်ခြင်းရှိ၊ မရှိဟူသည့် အရင်းခံအကြောင်းမှာ စာကောင်းပေကောင်းများ ဖတ်ရှုခြင်း၊ မဖတ်ရှုခြင်း၊ ပညာရှိတို့အား ချဉ်းကပ်ခြင်း၊ မချဉ်းကပ်ခြင်းအပေါ်တွင် မူတည်နေသဖြင့် ပညာရှိတို့နှင့် အကြောင်းမတိုက်ဆိုင်ဟုဆိုလျှင်ပင် စာကောင်းပေကောင်းများကို စွဲစွဲမြဲမြဲဖတ်ရှုခြင်းအလေ့အထကို ပြန်လည်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တန်ဖိုးရှိသော မြန်မာစာပေမှတစ်ဆင့် တန်ဖိုးကြီးမားသော လူ့ဘဝ၊ တန်ဖိုးမြင့်မားသော လူ့ဘောင်လောကကိုဆောင်ကြဉ်းပေးနိုင်သည်ဖြစ်၍ တန်ဖိုးရှိသော မြန်မာစာပေပြန့်ပွားရေးကို ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရင်း မြန်မာလူမျိုးတိုင်း မြန်မာစာပေကိုတန်ဖိုးထားပြီး ဖတ်မှတ်လေ့လာဆည်းပူးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်မိသားစုများ စုပေါင်း၍ (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၄**

သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် မိသားစုများစုပေါင်း၍ (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Shri Saurabh Kumar၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းထိုက်နှင့် အဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့်အဖွဲ့ဝင်များ၊ ဟိန္ဒူဘာသာရေး (ဗဟို)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနန္ဒနှင့်အဖွဲ့ဝင်များ၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ဟိန္ဒူမိသားစုများ တက်ရောက်ကြသည်။

**တရားတော်များရွတ်ပွား**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရေစကြို ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒသာရထံမှ ပြည်ထောင်စုဝန်ကြီးနှင့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး **(အပေါ်ပုံ)** ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**လုပ်ငန်းများလျှောက်ထား**

ထို့နောက် ဟိန္ဒူအမျိုးသမီးများက မင်္ဂလသုတ်တရားတော်ကို ရွတ်ဖတ်ပူဇော်ကြပြီး သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်အမှုဆောင် Shri Rajesh Kumar (ခ) ဦးကျော်ကျော်က အဖွဲ့ချုပ်၏ဆောင်ရွက်လျက်ရှိသော ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို လျှောက်ထားသည်။

ယင်းနောက် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် တက္ကသိုလ်မှ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ပေးအပ်ချီးမြှင့်ခံရသည့်အတွက် သနန္တနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပြည်ထောင်စုဝန်ကြီးအား ဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာကို ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ Shri T K Paul နှင့်အဖွဲ့က ဓမ္မတေးများဖြင့်ပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဇောတိကထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များကို ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် မိသားစုများက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲအတွက် ပညာရှင်များနှင့် စာတမ်းရှင်များဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၄**

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ (Workshop on Gold Gilding Technology for Shwedagon Pagoda, Myanmar) ကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သပ္ပာယ်စွာ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် စေတီတော်ကြီးတွင် ကပ်လှူထားသော ရွှေသင်္ကန်းတော်များဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စေတီတော်မြတ်ကြီးအား နှစ်ပရိစ္ဆေဒကြာမြင့်စွာ အရှည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဦးစီး၍ ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာစာတမ်းများ တင်သွင်းနိုင်ရန်နှင့် ပညာရှင်များကိုယ်တိုင် ဝင်ရောက်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဖိတ်ခေါ်ထား**

ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာနယ်ပယ်များအနေဖြင့် ရွှေလွှာတင်ခြင်းနည်းပညာ၊ လျှပ်စစ်သုံးရွှေလွှာတင်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေကပ်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေထုတ်လုပ်ခြင်းနည်းပညာနှင့် ရွှေပြားကပ်သည့်နေရာ၌ အသုံးပြုသောပစ္စည်းများအပေါ်တွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုတို့ဖြစ်ပြီး ပညာရှင်များနှင့် စာတမ်းရှင်များကို ဖိတ်ခေါ်ထားကြောင်း Email: wggtshwedagon@ytu.edu.mm ၊ wggtshwedagon@ gmail.com၊ Website: www.ytu.edu.mm/WGGT2019၊ Facebook Page : www.facebook.com/WGGT2019 နှင့် ဖုန်း ၀၁-၉၆၆၃၂၉၃၊ ၀၉-၈၇၉၄၄၇၀၀၇ တို့ကိုဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**မောင်လူမော်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပ




**မန္တလေး ဩဂုတ် ၄**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို မန္တလေးမြို့ ကနောင်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**စစ်ဆေးအကဲဖြတ်**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အနေဖြင့် အမျိုးသားကျွမ်းကျင်မှုအဆင့်များကို အဆင့် (၄) ဆင့်ခွဲခြားသတ်မှတ်ကာ ကျွမ်းကျင်မှုအဆင့်(၁)နှင့် အဆင့်(၂) တို့ကို စစ်ဆေးအကဲဖြတ်လျက်ရှိကြောင်း၊ ကျွမ်းကျင်မှုအဆင့် (၃)နှင့် အဆင့်(၄)ကို ဆက်လက်စစ်ဆေးအကဲဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ NSSA သည် လုပ်ငန်းခွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေး၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ကာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ (Public, Private, Partnership) ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ် အလုပ်အကိုင်ပြောင်းလဲမှုနှင့်အတူ အလုပ်သမားများအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်မှုများနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မူများအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

NSSA သည် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်ကို အရည်အသွေး အာမခံချက်ရရှိရေးအတွက် ISO 9001:2015 လက်မှတ်ကို ရယူခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်မှုစွမ်းရည် အပြန်အလှန် အသိအမှတ်ပြုနိုင်ရေး (Mutual Recognition of Skill)ကို ILO အကူအညီဖြင့် ဆောင်ရွက်နေကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် Industrial 4.0 အတွက် ပြင်ဆင်နေပြီး နည်းပညာပြောင်းလဲမှုနှင့်အတူ Green Skill အပါအဝင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကိုပါ ပြောင်းလဲရန်လိုအပ်၍ အမျိုးသားအဆင့် လုပ်ငန်းစဉ်တွင် နယ်ပယ်အလွှာအသီးသီးမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**အသိအမှတ်ပြုလက်မှတ်များ ပေးအပ်**

ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း မန္တလေးတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည်ရှိ NSSA ၏ စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် အလုပ်အကိုင် ရှစ်မျိုး၌ စစ်ဆေးအကဲဖြတ် အောင်မြင်ခဲ့သည့် အမျိုးသားကျွမ်းကျင်မှု အဆင့်(၁)နှင့် အဆင့်(၂) ကျွမ်းကျင်လုပ်သား အမျိုးသား ၃၇၃ ဦးနှင့် အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၄၀၄ ဦးအား အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သား အသိအမှတ်ပြုလက်မှတ်များကို လည်းကောင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတစ်ခုနှင့် စစ်ဆေးရေးမှူး လေးဦးကို NSSA ၏ အသိအမှတ်ပြုလက်မှတ်များကို လည်းကောင်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု'စံ'သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် တစ်နိုင်ငံလုံး၌ အလုပ်အကိုင် ၂၃ မျိုးအတွက် ကျွမ်းကျင်လုပ်သား အမျိုးသား ၉၀၃၄ ဦးနှင့် အမျိုးသမီး ၃၄၈၇ ဦး စုစုပေါင်း ၁၂၅၂၁ ဦးအား အမျိုးသားကျွမ်းကျင်မှုအဆင့်(၁)နှင့် အဆင့်(၂) ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်းများ၊ GIZ, Swisscontact နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရ လုပ်သားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

❖ **ရှေ့ဖုံးမှ**

သဘောတူစာချုပ်၏ ဈေးကွက်ဖွင့်လှစ်ရေးဆွေးနွေးညှိနှိုင်းမှု (Market Access Negotiation) အား ၁၀၀ ရာခိုင်နှုန်းနှင့် စာချုပ်၏ အဓိကအရေးပါသည့် အခန်းများ၏ စာသားညှိနှိုင်းမှု (Text-based Negotiation)ကို နိုဝင်ဘာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရန်သဘောတူခဲ့ကြသည်။

**အဖွင့်အမှာစကားပြောကြား**

အဆိုပါ အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟူချွန်ဟွာ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သဘာပတိအဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူလျက်ရှိသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Jurin Laksanawisit က ဆောင်ရွက်ခဲ့သည်။

RCEP သည် ကမ္ဘာ့လူဦးရေ၏ ၄၇ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး ကမ္ဘာ့အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၄၂ ရာခိုင်နှုန်းရှိသည့်အတွက် ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူစာချုပ် ဖြစ်လာမည်ဖြစ်ရာ အဆိုပါစာချုပ်ဆွေးနွေးညှိနှိုင်းမှုများ၏ တိုးတက်မှုအခြေအနေကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်တစား စောင့်ကြည့်လေ့လာလျက်ရှိကြသည်။

**လမ်းညွှန်ချက်များ ချမှတ်**

၂၀၁၂ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက RCEP ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ချမှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဆွေးနွေးညှိနှိုင်းမှုကို စတင်ခဲ့ရာ ယနေ့အထိ ထိပ်သီးအစည်းအဝေး (၂)ကြိမ်၊ RCEP ဝန်ကြီးများအစည်းအဝေး ခြောက်ကြိမ်၊ RCEP ဝန်ကြီးများ ကြားဖြတ်အစည်းအဝေး (၈)ကြိမ်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီနှင့် ဆက်စပ်လုပ်ငန်းအဖွဲ့များ အစည်းအဝေး (၂၇)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

RCEP ကို လက်ရှိအာဆီယံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များထက် ပိုမိုခေတ်မီပြီးပြည့်စုံ၍ အရည်အသွေးမြင့်မားကာ အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်တစ်ခုဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံက RCEP တွင် ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ရှိသော ဈေးကွက်သို့ မြန်မာ့ပို့ကုန်များကို အကောက်ခွန်ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည့်အပြင် အဆိုပါ စာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်းပါဝင်သဖြင့် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

---



# စိတ်ကူးချိုချို အထူးလျှော့နှုန်းစာအုပ်ဈေးရောင်းပွဲတွင် စာအုပ်မျိုးစုံရောင်းချ

**ရန်ကုန် ဩဂုတ် ၄**

စိတ်ကူးချိုချိုစာအုပ်တိုက် နှစ် ၂၀ ပြည့် အထူးလျှော့နှုန်း စာအုပ်ဈေးရောင်းပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ အဏ္ဏဝါမွေ့ရာရုံ၌ ဩဂုတ် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိရာ နေ့စဉ် စာရေးဆရာများ၊ ၎င်း၏စာပေအသင်းဝင်များ၊ ကလေးသူငယ်များ လာရောက်ဝယ်ယူအားပေးကြသည်။

"ဒီနှစ် စာအုပ်အထူးလျှော့ဈေးရောင်းပွဲမှာ စာအုပ်တွေလည်း ပိုစုံလာတယ်။ ဝယ်သူတွေလည်း ပိုများလာပါတယ်။ စာဖတ်ပရိသတ်များလာပါတယ်။ ကျောင်းပိတ်ရက်တွေမှာ ဝယ်သူပိုလာပါတယ်။ အခုပြပွဲမှာ တစ်နေ့ကို စာရေးဆရာ ဆရာမတွေနဲ့ မန်ဘာကတ်ပေးရတဲ့သူတွေကို စာအုပ်လက်ဆောင်ပေးနေတာ တစ်ရက်မှာ လူတစ်ရာနီးပါးရှိပါတယ်" ဟု စိတ်ကူးချိုချိုစာအုပ်အရောင်းပြပွဲမှ အရောင်းတာဝန်ခံကပြောသည်။

အထူးလျှော့နှုန်း စာအုပ်ဈေးရောင်းပွဲတွင် သုတ၊ ရသ၊ ကလေးစာပေစာအုပ်များကို ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ရောင်းပေးနေပြီး ကျပ်နှစ်သောင်းဖိုးအထက်ဝယ်ယူသူများအား အဖွဲ့ဝင်ကတ်ပြားများ၊ စာအုပ်လက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ စိတ်ကူးချိုချိုစာအုပ်တိုက်၏ အဖွဲ့ဝင်ကတ်ပြားများကို တစ်နှစ်ပြည့်ပါက ကျပ် ၅၀၀ ဖြင့် သက်တမ်းတိုးနိုင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

---

# ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန် ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ ၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

ပြည်တွင်းရေးရာ

# သစ်ထုတ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် တောတွင်းပင် ထောင်ကျန်များ ထိခိုက်ပျက်စီးမှုမရှိအောင် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တော်ဝင်ခန်းမ၌ ကျင်းပသည့် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



**ပြန်လည်စိုက်ပျိုး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉-၂၀၂၀ ပြည့်နှစ် သစ်ထုတ်ရာသီတွင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်တောဦးစီးဌာနမှ သတ်မှတ်ပေးထားသော ကျွန်းနှင့်သစ်မာ နှစ်စဉ်တောထွက် ပမာဏ၏ ၅၀ရာခိုင်နှုန်းလျှော့ချပြီးသစ်ထုတ်မှုနှင့်ကုန်ကျစရိတ် ကိုက်ညီစေရန်သာ သစ်ထုတ်သွားမည်ဖြစ်ကြောင်း၊ သဘာဝတောများမှသစ်ထုတ်မှုကို တတ်နိုင်သမျှ လျှော့ချဆောင်ရွက်သည်ဖြစ်ပြီး စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးများရှိ နှစ်(၃၀)နှင့် အထက် သက်ကြီးသစ်တောစိုက်ခင်းများမှ သစ်များကိုသစ်တောဦးစီးဌာန၏ ပင်ထောင်ရိုက်ခွင့်ပြုထားသည့်အတိုင်း ခုတ်လှဲသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာနှင့် တစ်အုပ်တစ်မစိုက်ခင်းများမှ ကျွန်းနှင့် သစ်မာပင်ကြပ်များကို အမြန်ဆုံးပြီးစီးအောင် ခုတ်လှဲဆောင်ရွက်ရန်နှင့် ခုတ်လှဲ ထွက်ရှိလာသည့် ကျွန်းနှင့် သစ်မာပင်ကြပ် မျောတိုင်၊သစ်လုံးများကို အမြန်ဆုံး ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်၊ သစ်ထုတ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် တောတွင်းပင် ထောင်ကျန်များ ထိခိုက်ပျက်စီးမှုမရှိအောင် ဆောင်ရွက်ရန်၊ သစ်ထုတ်လမ်းများမှတစ်ဆင့် တရားမဝင်သစ်ခိုးထုတ်ခြင်းမရှိအောင် သစ်ထုတ်လမ်းဟောင်းများကို လုပ်ငန်းဆောင်ရွက်ပြီးပါက စနစ်တကျဖျက်သိမ်းရန်နှင့် သစ်ထုတ်ပြီးဒေသများအတွင်း ခုတ်လှဲသည့် အပင်၏ သုံးဆကို သဘာဝတော တန်ဖိုးမြှင့်သစ်တောစိုက်ခင်းအဖြစ် ပြန်လည်စိုက်ပျိုးရန်လိုအပ်ကြောင်း။

**ဆင်စခန်းများ တိုးချဲ့ဖွင့်လှစ်**

နိုင်ငံတော်၏မူဝါဒအရ သစ်ထုတ်ခြင်းများလျှော့ချခဲ့ရာ သစ်ထုတ်ရေးဆင်များနှင့် ဆင်ဝန်ထမ်းမိသားစုများ ရေရှည်အလုပ်အကိုင်အခွင့်အလမ်းရရှိရန်နှင့် ပြည်သူလူထုအား အသိပညာပေး အပန်းဖြေနိုင်ရန်အတွက် ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွား လုပ်ငန်းစခန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရန်၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် လိုအပ်သော ကုသခြင်း၊ ကာကွယ်ခြင်း၊ သုတေသနပြုလုပ်မှုများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ဆင်စားကျက်များနှင့် နေရင်းဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်မှာကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သစ်ထုတ်ရေးတာဝန်ခံများက ၂၀၁၈-၂၀၁၉ ခုနှစ် သစ်ထုတ်လုပ်နိုင်မှု၊ သစ်ဆိပ်သို့ ရောက်ရှိ/သိုလှောင်ရောင်းချနိုင်မှုနှင့် သစ်ဆိပ်လက် ကျန်ပမာဏ၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်း စိုက်ပျိုးနိုင်မှု၊ ထုတ်လုပ်ရေးအတွက် ယာဉ်၊ ယန္တရားနှင့် စက်သုံးဆီသုံးစွဲမှုများ၊ ၂၀၁၉-၂၀၂၀ပြည့်နှစ် သစ်ထုတ်ရာသီတွင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှစ်စဉ် တောထွက်ပမာဏ သတ်မှတ်ခြင်းနှင့် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းများနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာရှုထောင့်မှ ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**အလုပ်အကိုင်ဖန်တီးပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန်(၂)၊ မဂ္ဂရာမင်းသားကြီး မောင်ပျိုးလမ်းရှိ Yangon Gems and Jewellery Sales Center ၌ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည် ထုတ်လုပ်ရောင်းချနေမှု၊ ဈေးကွက်ရရှိမှုနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် နှစ်ပတ်လည် စုံညီအစည်းအဝေးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပရာ မြို့နယ်သတင်းစာ ဆရာအသင်းမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါနှစ်ပတ်လည် စုံညီအစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(MANA) မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းကြည်၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး၏ ဂုဏ်ထူးဆောင်နာယက ဦးယဉ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်းဥက္ကဋ္ဌဦးခင်မောင်မြင့်၊ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်ဝေတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်သတင်းစာဆရာအသင်း အတွင်းရေးမှူး ဦးဟန်သိန်း(သဇ္ဇန)က အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအာကာအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်**

## မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) ၏ နှစ်ပတ်လည်အစည်းအဝေး(၂၀၁၉) ကျင်းပ

**မန္တလေး ဩဂုတ် ၄**

မန္တလေးမြန်မာနိုင်ငံသတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး(၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့ ၃၆ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား ရှိ ရတနာပျိုးခင်းစာကြည့်တိုက်တွင် ကျင်းပသည်။




ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)၏ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမျိုးမင်းမင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဘဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)၏ နာယကကြီးများဖြစ်ကြသည့် ဆရာမာဃိန္ဒနှင့် ဆရာသိုက်ထွန်းသက်တို့က ဩဝါဒစကားများပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးသန့်ဇင်ထွန်းက အသင်း၏လှုပ်ရှားဆောင်ရွက်မှု၊ ပြင်ဦးလွင်မြို့နယ် သတင်းစာ ဆရာအသင်းနှင့် အမရပူရမြို့နယ်မှ သတင်းစာ ဆရာအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းလှုပ်ရှားမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးရာ အသင်းအဖွဲ့ဝင် ဆရာဦးထွန်းဝင်းက အသင်းအပေါ်အကြံပြု စကားပြောကြားသည်။

ထို့နောက် ရတနာပျိုးခင်းစာကြည့်တိုက်ဥက္ကဋ္ဌ ဦးအုန်းငွေ (လူနှင့်လူ) အား အသင်းဥက္ကဋ္ဌက အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



**ဩဂုတ် ၄ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပတ္တာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက်က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှု မဖြစ်ပွားစေရေးအတွက် အများပြည်သူများအား အသိပညာပေးဟောပြောစဉ်။**

ကျော်လှိုင်သင်း(နေပြည်တော်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

အမ်းမြို့တွင် ၅ ဒသမ ၁၁ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ စစ်တွေမြို့နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၇၄ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ဂွမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# မန္တလေးမြို့နှင့် ပုဂံတို့တွင် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဩဂုတ် ၂ ရက်တွင် မန္တလေးမြို့ မန္တလေးကွန်ဗင်းရှင်းစင်တာ (Mandalay Convention Centre - MCC) ၌ ကျင်းပမည့် ASEAN Food Festival 2019 အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ရိုးရာ အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်ပြီး နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရေးနှင့် အာဆီယံနိုင်ငံများမှ ပြခန်းများ အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။



**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ပုဂံမြို့ဟောင်းရှိ Bagan Information and Training Center တွင် ဖွင့်လှစ်လျက်ရှိသော Foundation Course for Japanese Language N5 Level ဂျပန်ဘာသာစကားသင်တန်းကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဂျပန်ဘာသာစကားသင်တန်းကို ဇူလိုင် ၂၂ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်လျက်ရှိပြီး ပုဂံဒေသအတွင်းရှိ ခရီးသွားလုပ်ငန်း နယ်ပယ်အသီးသီးနှင့် ကမ္ဘာလှည့်ခရီးသွား ရဲတပ်ဖွဲ့တို့မှ သင်တန်းသား ၄၁ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

ညပိုင်းတွင် ပုဂံမြို့ရှိ သရပါဟိုတယ်၌ ကျင်းပသော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် Digital Marketing ဆိုင်ရာ ရှင်းလင်းပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်အတူ တက်ရောက်သည်။

**ခေတ်စနစ်နှင့်အညီ ပြောင်းလဲ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပုဂံဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသာမက မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် ဌာနတစ်ခုတည်းသာမက ဖွဲ့စည်းထားရှိသော ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များ အနေဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၌ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိပြီး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းများကို Decentralization ပြုလုပ်ပေးထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော နည်းပညာရပ်များကို အသုံးပြုပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရန် Digital Marketing ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးစားရာတွင် ရေရှည်တည်တံ့ပြီး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ခရီးစဉ်ဒေသများတွင် နိုင်ငံခြားသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာသန့်ရှင်းမှု စသည်တို့ကို စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အားကစားနှင့်ဆက်စပ်သော ခရီးသွားလုပ်ငန်း (Sport Tourism) ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝန်ကြီးဌာနနှစ်ခုနှင့် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် Digital Marketing Team တာဝန်ခံက ဝန်ကြီးဌာနတွင် လက်ရှိဆောင်ရွက်နေသော Digital Marketing ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ဒေသခံပြည်သူများအား တွေ့ဆုံ

**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ဒေသခံပြည်သူများအား တွေ့ဆုံပွဲ အခမ်းအနားကို ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အဘယာရာမကျောင်း ဓမ္မာရုံ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ထပ်ဆင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ စာသင်ကျောင်းနှင့် ရေနုတ်မြောင်းတူးဖော်မှု အခြေအနေများကို တင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

“ဧရာဝတီတိုင်းဒေသကြီးမှာ တိုက် နယ်ဆေးရုံ လေးခုရှိပါတယ်။ အဆောက်အဦပဲ ရှိပါသေးတယ်။ ဖွဲ့စည်းပုံကျရေး ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ လမ်းကိစ္စ၊ ရေမြောင်းကိစ္စတွေ တင်ပြတာလည်း တွေ့ရပါတယ်။ ဘဏ္ဍာနှစ်အလိုက် ဆက်လက် ဆောင်ရွက်ပေးသွားမယ်” ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





## မိတ္ထီလာမြို့နယ်၌ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် စကားဝိုင်း ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက နည်းပညာတက္ကသိုလ် မိတ္ထီလာရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ထို့နောက် ရန်ကုန်နည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဦးအုန်းဇင်လင်း၊ Phaunm Daw Oo Internation University မှ ဆရာတော် ဦးဥတ္တမသာရ၊ မိတ္ထီလာမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမင်းဆန်း၊ Executive Advisor of (ICMM) မှ ဒေါ်ပြေဦးမေနှင့် Thabyay Education Foundation မှ Program Manager ဒေါ်ခင်အေးဟန်တို့က အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဖယ်ခုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ဖယ်ခုံ ဩဂုတ် ၄**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ဖယ်ခုံမြို့ ကုန်းဆုံကျေးရွာအုပ်စု ကုန်းဆုံဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေရီချို့က အဖွင့်အမှာစကားပြောကြားပြီး ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမြတ်သူ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ကိုလတ်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းထက်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတို့က ပညာရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးပြဿနာများ၊ ကျန်းမာရေး ကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ဆွေးနွေးကြရာ အခမ်းအနားတက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# အူလမ်းကြောင်းအတွင်းမှ မိတ်ဆွေပိုးများ

ပါမောက္ခဒေါက်တာမောင်

**လူသားစင်စစ် ဆယ်ပုံတစ်ပုံသာဖြစ်သော ခန္ဓာကိုယ်**

ခန္ဓာကိုယ်အတွင်းရှိဆဲလ်များတွင် လူသားဆဲလ်များသည် ဆယ်ပုံတစ်ပုံသာဖြစ်ပြီး ကျန်ကိုးပုံမှာ ဗက်တီးရီးယားဆဲလ်များ ဖြစ်ကြသည်။ ခံတွင်းပေါက်မှ စအိုဝအထိ ရှည်လျားသော အစာနှင့်အူလမ်းကြောင်းတစ်လျှောက်တွင် အမျိုးအစား ၅၀၀ အထိရှိပြီး အရေအတွက် ၂၀၀ ထရီလီယံအထိရှိသော ဗက်တီးရီးယားပိုးများ ရှိနေကြသည်။ လူသားဆဲလ်များထက် ဆယ်ဆများသော အရေအတွက် ဖြစ်သည်။ ထိုပိုးများကို အူတွင်းပိုးများ (Gut microbiome) ဟုခေါ်ဆိုထားသည်။

အူသိမ်မှစ၍ အောက်ပိုင်းတစ်လျှောက် များပြားစွာရှိနေသော ထိုပိုးများကို မိတ်ဆွေပိုးများ (Probiotics) နှင့် ရောဂါပိုးများ (Pathogens) ဟု နှစ်မျိုးခွဲခြားထား၏။ မိတ်ဆွေပိုးများတွင် ပုံသဏ္ဍာန် နှစ်ခွရှိသော ဗက်တီးရီးယား (Bifidobacteria) များနှင့် ဒိန်ချဉ်တွင်ပါဝင်သော ဗက်တီးရီးယား (Lactobacillus) များပါဝင်ကြသည်။ ရောဂါပိုးများတွင် Clostridium၊ Klebsiella နှင့် အခြားပိုးများ ပါဝင်ကြသည်။


**ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ**

စာရေးသူတို့ အူထဲတွင် ဗက်တီးရီးယားပိုးများ နေထိုင်နေကြောင်း လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က ဩစတြီးယားလူမျိုး Dr. Theodor Escherich က စတင်ဖော်ပြခဲ့၏။ ထိုအချိန်မှစ၍ အစာနှင့်အူလမ်းကြောင်းတစ်လျှောက်သည် ပိုးများပေါက်ပွားရာ ဌာနဖြစ်ကြောင်း တစ်စတစ်စ တွေ့ရှိလာခဲ့ကြသည်။

ယနေ့အချိန်တွင် ထိုအူတွင်းပိုးများသည် လူတစ်ယောက်၏ကျန်းမာရေးကို များစွာအသုံးအဖြတ်ပေးနေကြောင်း ထပ်မံသတိပြုမိလာခဲ့ကြသည်။ အစာချေခြင်းနှင့် အစာမှစွမ်းအင်ထုတ်ယူရာတွင်လည်းကောင်း၊ အဝလွန်ခြင်းသည်လည်းကောင်း၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါဖြစ်လွယ်ခြင်းသည်လည်းကောင်း၊ စိတ်ဖိစီးမှုဒဏ်ကိုခံနိုင်ရည်ရှိခြင်းသည်လည်းကောင်း၊ ပြင်ပမှဝင်ရောက်လာသော ရောဂါပိုးများကို ခုခံနိုင်စွမ်းသည်လည်းကောင်း အူတွင်းပိုးများနှင့် ဆက်သွယ်နေကြသည်။

ဆေးပညာရှင်များ စိတ်ဝင်စားစွာအာရုံစိုက်နေသော တွေ့ရှိချက်မှာ အူတွင်းပိုးများသည် စိတ်ဖိစီးခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့နှင့် ဆက်စပ်နေကြခြင်းဖြစ်သည်။ စိတ်ကျရောဂါသည်များ၏အူတွင်းပိုးများသည် ကျန်းမာသောသူများ၏ အူတွင်းပိုးများနှင့် ကွဲပြားခြားနားနေကြောင်း ပါမောက္ခ Dr. Cryan နှင့် Dr. Dinan (University College Cork, Ireland) တို့ကဖော်ပြခဲ့ကြသည်။ ကျန်းမာသောသူများ၏ မိတ်ဆွေအူတွင်းပိုးများသည် Serotonin ဟုခေါ်သော ဓာတ်ပေါင်းကို အူနံရံဆဲလ်များက ထုတ်ပေးစေသည်။ ထိုဓာတ်ပေါင်းသည် ဦးနှောက်နှင့်ဆက်သွယ်နေသော လမ်းကြောင်း (Gut-Brain-Axis) မှတစ်ဆင့် ဦးနှောက်သို့ ရောက်ရှိသွားပြီး စိုးရိမ်ပူပန်စိတ်နှင့် စိတ်ကျရောဂါကို ကာကွယ်ပေးထားနိုင်စွမ်းရှိကြောင်း ဖော်ပြခဲ့ကြသည်။

စာရေးသူတို့သိထားသော ဝမ်းတစ်လုံးကောင်း ခေါင်းမခဲခြင်းဖြစ်သည်။



**ပုံမှန်မဟုတ်သော ကုထုံးတစ်ခု**

မိတ်ဆွေပိုးများ၏ မိတ်ဆွေပီသစွာ ကူညီနေသော ကိစ္စမှာ ရောဂါပိုးများ ပေါက်ပွားမလာရန် ကာကွယ်တားဆီးထားခြင်း ဖြစ်သည်။

သို့ရာတွင် ၂၀၀၃ ခုနှစ်တွင် မြောက်အမေရိကတိုက်နှင့် ဥရောပတိုက်တစ်ခွင်၌ ပဋိဇီဝပိုးသတ်ဆေးများ မတိုးသော ဝမ်းပျက်ဝမ်းလျှောရောဂါတစ်မျိုး ကပ်ရောဂါအသွင်ဖြင့် ပေါ်ပေါက်လာခဲ့သည်။ ထိုရောဂါသည် ရောဂါပိုးဖြစ်သော C.difficile အူအတွင်း မြောက်မြားစွာ ပေါက်ပွားလာခြင်းကြောင့် ဖြစ်သည်။ ကျန်းမာသော အချိန်တွင် C.difficile ပေါက်ပွားခွင့်မရအောင် မိတ်ဆွေပိုးများက တားဆီးထားကြသည်။ အကြောင်းတစ်ရပ်ရပ်ကြောင့် C.difficile ပေါက်ပွားလာသောအခါ ပိုးသတ်ဆေးများ မတိုးသော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လာတော့သည်။

ဆေးမတိုးသော ထိုရောဂါသည် တစ်ဦးမှတစ်ဦး လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။ ဆေးပညာရှင်များသည် ထိုရောဂါကိုကုသရန် ပုံမှန်မဟုတ်သော ကုထုံးတစ်ခုကို သုံးခဲ့ကြရသည်။ ထိုကုထုံးမှာ ကျန်းမာသော လူတစ်ယောက်၏ မိတ်ဆွေပိုးများပါဝင်သောမစင်ကို ဆေးအဖြစ် တိုက်ကျွေးခြင်းဖြစ်သည်။ ကျန်းမာသောသူ၏ လတ်ဆတ်သော မစင်တစ်ကျပ်ခွဲသားမှ ခြောက်ကျပ်သားခန့်ကို ပေါင်းခံရေငါးဆနှင့်ရော၍ နှာခေါင်းပိုက်မှတစ်ဆင့် အူအတွင်းသို့ထည့်ပေးခြင်းဖြစ်သည်။ ထိုကုထုံးကို “အူတွင်းပိုးများ အစားထိုးဖြည့်ပေးသော ကုထုံး” (Fecal Microbial Transplantation) ဟုအမည်ပေးထားသည်။ ထိုကုထုံးသည် ၉၀ ရာခိုင်နှုန်းအောင်မြင်မှုရှိပြီး ရောဂါသည်အများစုမှာ တစ်ကြိမ်ကုသရုံဖြင့် ပျောက်ကင်းသွားကြသည်။

ထိုအချိန်မှစ၍ အူတွင်းပိုးများ၏ ကျန်းမာရေးနှင့် ဆက်သွယ်နေပုံကို ပိုမိုအာရုံစိုက်လာကြသည်။

**ကျန်းမာရေးနှင့်ဆက်သွယ်နေပုံ**

အူတွင်းပိုးများသည် စိတ်ရောကိုယ်ပါ ကျန်းမာစွာနေနိုင်ရေးအတွက် နည်းလမ်းများစွာဖြင့် အထောက်အကူပြုနေကြသည်။

မိတ်ဆွေပိုးများသည် ဝမ်းပျက်ဝမ်းလျှောဖြစ်စေသော ရောဂါပိုးများ ပေါက်ပွားခွင့် မရစေရန် တားဆီးထားရုံမျှမက အဝလွန်စေခြင်းနှင့် နှလုံးရောဂါဖြစ်လွယ်သော ပိုးများ၏အန္တရာယ်မှလည်း ကာကွယ်ထားသည်။

> ❛ မိတ်ဆွေပိုးများသည် ဝမ်းပျက်ဝမ်းလျှောဖြစ်စေသော ရောဂါပိုးများ ပေါက်ပွားခွင့် မရစေရန် တားဆီးထားရုံမျှမက အဝလွန်စေခြင်းနှင့် နှလုံးရောဂါဖြစ်လွယ်သော ပိုးများ၏အန္တရာယ်မှလည်း ကာကွယ်ထား ❜

အူအတွင်းတွင် ကိုယ်အလေးချိန်ကိုများစေသော ပိုးများလည်းရှိနေသည်။ ထိုပိုးများသည် အစားအစာများမှ ကစီဓာတ်ကို အဆီအဖြစ် အလွယ်တကူပြောင်းလဲနိုင်စွမ်းရှိကြသည်။ အဝလွန်သောသူများ၏ အူအတွင်းတွင် ထိုပိုးများကို များစွာတွေ့ရသည်။ စမ်းသပ်ချက်တစ်ရပ်တွင် အဝလွန်သောသူများ၏ အူတွင်းပိုးများကို ကြွက်များအတွင်းသို့ ထည့်သွင်းပေးရာ ကြွက်များလည်း အဝလွန်လာကြသည်ကို တွေ့ရသည်။

အသားနှင့်အဆီ အစားများသူများ၏ အူအတွင်းတွင် များပြားစွာတွေ့ရသော ပိုးတစ်မျိုးသည် (TMAO; Trimethylamine-N-oxide) ဟုခေါ်သော ဓာတ်တစ်မျိုးကို ထုတ်ပေးနေသည်။ ထိုဓာတ်သည် နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါကို အခြားသူများထက် နှစ်ဆခွဲပိုမို ဖြစ်လွယ်စေသည်။

အူလမ်းကြောင်းတစ်လျှောက်ရှိ ဆဲလ်များသည် ခန္ဓာကိုယ်၏ ခုခံစွမ်းအားအတွက် အရေးပါသောဆဲလ်များ ဖြစ်ကြသည်။ အစာနှင့်အတူ ပါလာသောရောဂါပိုးများကို ခုခံတိုက်ဖျက်ရာ ရှေ့တန်းခံစစ်ကြောင်း ဖြစ်သည်။ အူဆဲလ်များ ခုခံစွမ်းအားကောင်းမွန်ရန် မိတ်ဆွေပိုးများက ကူညီနေကြသည်။ မိခင်နို့တိုက်ကျွေးသော ကလေးငယ်များတွင် ထိုပိုးများကိုများစွာတွေ့သဖြင့် မိခင်နို့ရရှိသော ကလေးများသည် ခုခံစွမ်းအားစနစ် ကောင်းစွာဖွံ့ဖြိုးကြသည်။

ဆီးချိုရောဂါကို ကာကွယ်ပေးထားသော မိတ်ဆွေပိုးများလည်းရှိကြသည်။ ထိုပိုးများထုတ်ပေးသော (Short chain fatty acids) သည် အင်ဆူလင်ဟော်မုန်း၏ အာနိသင်ကို ထိရောက်စေသည်။ အင်ဆူလင်ဟော်မုန်း အစွမ်းအာနိသင် ထိရောက်မှုမရှိခြင်းသည် ဆီးချိုရောဂါဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သည်။

တွေ့ရှိသမျှသော အချက်များသည် အူလမ်းကြောင်းတစ်လျှောက်ကို ကျန်းမာစေသော မိတ်ဆွေပိုးများ၏ ပျော်ရွှင်စွာနေစရာတစ်ခုဖြစ်အောင် ဖန်တီးပေးထားရန် လိုအပ်ကြောင်း ဖော်ပြနေသည်။

**မိတ်ဆွေပိုးများပေါက်ပွားစေရန်**

မိတ်ဆွေကောင်းများရှိနေခြင်းသည် လူမှုရေးရာတွင်သာမက ကျန်းမာရေးတွင်လည်း အရေးကြီးကြောင်း အူတွင်းပိုးများက ဖော်ပြနေသည်။

ရှေးဦးစွာ မိတ်ဆွေပိုးများ ပျက်စီးစေသော အကြောင်းများကို သတိပြုသင့်သည်။ ပဋိဇီဝပိုးသတ်ဆေးများ မကြာခဏ သို့မဟုတ် ကြာရှည်စွာ သုံးစွဲခြင်းသည် အများဆုံးတွေ့ရသောအကြောင်း ဖြစ်သည်။ ပဋိဇီဝပိုးသတ်ဆေးများသည် မိတ်ဆွေပိုးများကို ပျက်စီးစေပြီး ရောဂါပိုးများ ထကြွလာစေသည်။ အိပ်ရေးမဝခြင်း၊ အလုပ်ပင်ပန်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မရှိခြင်း၊ အသားအစားကြူးခြင်း၊ အဆီများသောအစာနှင့် အချိုများသောအစာတို့ကို စားလေ့ရှိခြင်းတို့သည် ရောဂါပိုးများ ပွားများလာစေသည်။ အပူအစပ်များသည် အူလမ်းကြောင်းအတွင်းရှိ အက်စစ်ဓာတ်ကို ပြောင်းလဲစေပြီး ရောဂါပိုးများ ပေါက်ပွားစေသည်။

မိတ်ဆွေပိုးများကို ထိန်းသိမ်းထားရန် ပညာရှင်များက အောက်ပါအချက်များကို တိုက်တွန်းထားသည်။

၁။ မိတ်ဆွေပိုးများ အရန်သင့်ကြွယ်ဝစွာပါဝင်သော အစားအစာများကို အမြဲစားသုံးခြင်း၊ ထိုအစားအစာများကို (Probiotics) များဟု ခေါ်ဆိုထားသည်။ ဒိန်ချဉ်သည် မိတ်ဆွေပိုးများဖြစ်သော Lactobacillus များ များစွာပါဝင်သော Probiotics ဖြစ်သည်။ နေ့စဉ်စားသုံးသင့်သော အစားအစာဖြစ်သည်။ အချဉ်ဖောက် (Fermentation) ပြုလုပ်ထားသော ပဲပုပ်နှင့်ပဲငပိတို့တွင်လည်း Lactobacillus နှင့် Bifidobacteria များပါဝင်ကြသည်။

၂။ မိတ်ဆွေပိုးများ ကြိုက်နှစ်သက်သော အစားအစာများကို စားသောက်ခြင်း။ ထိုအစားအစာများကို (Prebiotics) များဟု ခေါ်ဆိုထားသည်။ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများအားလုံးဖြစ်သည်။ နေ့စဉ်စားရမည့် အစာများဖြစ်သည်။

၃။ အမျှင်ဓာတ်ကြွယ်ဝသော ဂျုံကြမ်းပေါင်မုန့်၊ ဆန်လုံးညို၊ ပဲဆန်အမျိုးမျိုး၊ ကွေကာအုတ်တို့သည်လည်း မိတ်ဆွေပိုးများ ကြိုက်နှစ်သက်သော အစာများဖြစ်သည်။

၄။ ရင်သွေးငယ်များကို အနည်းဆုံး ခြောက်လကြာ မိခင်နို့ တိုက်ကျွေးခြင်းသည် မိတ်ဆွေပိုးများ စတင်ပွားများစေရန် အခြေအနေဖန်တီးပေးခြင်းဖြစ်သည်။

၅။ အိပ်ရေးဝဝ အိပ်စက်ခြင်းနှင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုရှိခြင်းသည် မိမိအတွက်သာမက မိတ်ဆွေအူတွင်းပိုးများအတွက်ပါ အကျိုးရှိသော ကိစ္စတစ်ရပ်ဖြစ်သည်။

**မျှဝေလိုသည်မှာ**

စာရေးသူတို့သည် လူမှုဆက်ဆံရေးတွင်သာ မိတ်ဆွေကောင်းများ လိုအပ်သည် မဟုတ်၊ ခန္ဓာကိုယ်အတွင်း အူလမ်းကြောင်းထဲတွင်လည်း မိတ်ဆွေပိုးများ ရှိနေရန် လိုအပ်နေပေသည်။

မိတ်ဆွေပိုးများ ပျက်စီးစေသော အကြောင်းများ၊ ပေါက်ပွားစေသောအကြောင်းများကို သိနားလည်ပြီး လိုအပ်သလို အစားအသောက် အနေအထိုင် ပြောင်းလဲခြင်းသည် ကျန်းမာရေးကို များစွာကျေးဇူးပြုနေကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။



# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနား(၂၀၁၉) ကျင်းပ

**တောင်ကြီး ဩဂုတ် ၄**

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု ဗဟိုအဆင့် ဖွင့်ပွဲအခမ်းနား (၂၀၁၉)ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



**ဉာဏစွမ်းအားမြင့်မားရေးအတွက် အရေးကြီး**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့အခမ်းအနားသည် မြို့ပြ ကျေးလက်တောရွာများနှင့် ခက်ခဲသောဒေသများတွင် နေထိုင်ကြသည့် မိခင်များ၊ နိုင်ငံတော်၏ အနာဂတ်ဖြစ်သော ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ၏ အာဟာရပြည့်ဝဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးကြီးပါကြောင်း၊ ဘက်စုံအာဟာရပြည့်ဝမှုသည် ပြည်သူများ၏ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ရေးအတွက်သာမက ဉာဏစွမ်းအား ပြည့်ဝမြင့်မားရေးအတွက် အရေးကြီးသော အချက်ဖြစ်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျမလုပ်ဆောင်ပါက ကျန်းမာရေး၊ ပညာရေး၊ အားကစားနှင့် လူမှုစီးပွား စသည်ဖြင့် ကဏ္ဍစုံတွင် နောက်ကျကျန်ခဲ့မည်ဖြစ်ပြီး လာမည့်နှစ်များတွင် ဆိုးကျိုးများကို ခံစားရမည်ဖြစ်ကြောင်း။

အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများသည် ကဏ္ဍပေါင်းစုံပါဝင်သည့် ကွင်းဆက်လုပ်ငန်းကြီးဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းမှ လုပ်ဆောင်၍မရဘဲ ကဏ္ဍအလိုက်၊ လုပ်ငန်းတာဝန်များအလိုက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဝန်ကြီးချုပ်များနှင့် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှုဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အားကစား၊ လူမှုဝန်ထမ်း၊ စိုက်ပျိုးမွေးမြူရေး စသည့် ကဏ္ဍအသီးသီးတွင် တာဝန်ရှိသူများက တက်ကြွစွာ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့တို့ အပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုကဲ့သို့ အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်များ ကာလအတွင်းသာမက အမြဲမပြတ် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲအနေဖြင့် နည်းပညာပိုင်းဆိုင်ရာနှင့် အာဟာရကျွမ်းကျင်မှုဆိုင်ရာတို့ကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**အမှတ်တရလက်ဆောင်များ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးများအား အင်အားပြည့် ဗီတာမင် - အေဆေးနှင့် သန်ချဆေးများ တိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ တိုက်ကျွေးခဲ့ပြီး ငါးနှစ်အောက်ကလေးများ၊ မူလတန်း ကျောင်းသား ကျောင်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် အားဖြည့်ဆန်များ ဖြန့်ဝေခြင်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ပြခန်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်နေသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



## ရွှေကူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့်စတင်၍ ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစ်ကြီးနားဗုန်နယ်လက်အောက်ရှိ ရွှေကူရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌ တပ်ဆင်ရန်အတွက် FM လွှင့်စက် (150 W) တစ်စုံကို ဝယ်ယူဆောင်ရွက်ခဲ့သည်။ ၂၄-၇-၂၀၁၉ ရက်နေ့တွင် အဆိုပါ FM လွှင့်စက် (150W)နှင့် ဆက်စပ်ပစ္စည်းများကို စတင်တပ်ဆင်ခဲ့ပြီး ၂၇-၇-၂၀၁၉ ရက်နေ့တွင် တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ၂၈-၇-၂၀၁၉ ရက်နေ့ နံနက် ၆း၀၀ နာရီမှစတင်၍ မြန်မာ့အသံရေဒီယို FM အစီအစဉ်များကို လွှင့်အား 150W၊ လှိုင်းနှုန်း 88.3 MHz ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ရွှေကူရုပ်သံစက်ရုံမှ မြန်မာ့အသံရေဒီယို FM အစီအစဉ်များ ထုတ်လွှင့်မှုကို ရွှေကူမြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် သဘော်အင်း၊ ပေါက်ကုန်း၊ ငါးဘတ်ကြီး၊ ပန်းတင်၊ စင်းဖုတ်၊ တော်လန်ကိုင်း၊ ခေါလဲ၊ စီသာ၊ စီမော်၊ ဝင်ဝ၊ မံဝိန်း၊ နောင်လတ်ကြီး၊ တုံးပုံ၊ တိန်းဟွန်း၊ နှုတ်ချို၊ ကျောက်ကြီး၊ ရွှေဘုံသာ၊ မိုးစစ်နှင့် ဆင်တပ် စသည့်ကျေးရွာတို့မှ ကြည်လင်ပြတ်သားစွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ရွှေကူရုပ်သံစက်ရုံ မြန်မာ့အသံရေဒီယို FM အစီအစဉ်များကို လွှင့်အား 150 W၊ လှိုင်းနှုန်း 88.3 MHz ဖြင့် ဩဂုတ် ၁ ရက်နေ့မှစတင်၍ ပုံမှန်ထုတ်လွှင့်လျက်ရှိကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

## မိုးညှင်း၌ မေ့ကျန်ခဲ့သော ငွေအား ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**မိုးညှင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင်တွင် မေ့ကျန်ခဲ့သော ငွေကျပ် သိန်း ၂၀ ကို ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါစက်သုံးဆီအရောင်းဆိုင်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကသာမြို့(၄)ရပ်ကွက်နေ ကိုညီမောင်သည် ဖားကန့်မြို့မှပြန်လာစဉ် မိုးညှင်းမြို့ နန့်ပုတ်ကျေးရွာရှိ စက်သုံးဆီဆိုင်တွင် ဆီဖြည့်ရင်း ငွေကျပ်သိန်း ၂၀ အား စားပွဲပေါ်တွင် မေ့ကျန်နေခဲ့ရာ ဆိုင်ပိုင်ရှင် ကိုတင်ထွန်းက တွေ့ရှိသိမ်းဆည်းထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ငွေပိုင်ရှင်က ဆက်သွယ်လာသဖြင့် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝဇိရ**



**အသိပညာပေး ဟောပြော**

ဂန့်ဂေါမြို့ မြို့မရဲစခန်းမှ ဒုရဲအုပ် ဖြိုးဟိန်းထွဋ်နှင့်အဖွဲ့ ဩဂုတ် ၂ ရက်က ဂန့်ဂေါမြို့နယ် မဲကျေးရွာအလက၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောစဉ်။

စိန်ကျော်

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းမှ ရွာသာကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်



**ဆားလင်းကြီး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာအုပ်စု ရွာသာကျေးရွာ ချမ်းသာအေးကျောင်းတိုက်ဝင်းအတွင်း၌ ယမန်နေ့ညနေ ၃ နာရီက မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်း(မုံရွာ)ရုံးခွဲမှ တာဝန်ရှိသူများက အသည်းနှင့် ဆိုင်သောရောဂါများကို ကုသပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်း(မုံရွာ)ရုံးခွဲမှ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်ဝေက ယနေ့ မြန်မာနိုင်ငံတွင် အသည်းရောဂါသည် အဖြစ်များသောရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အသည်းရောဂါများမဖြစ်ပွားစေရေးအတွက် ယခုလို အသည်းဖောင်ဒေးရှင်းမှ လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အသည်းဖောင်ဒေးရှင်း(မုံရွာ)ရုံးခွဲမှ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ရာ ဘီပိုး၊ စီပိုး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ရွာသာကျေးရွာရှိ ပြည်သူများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**



ဗန်းမော်မြို့နယ် ဖိုးဒေဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်နှင့် တာဝန်ရှိသူများက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောစဉ်။

ဝင်းနိုင်(ကချင်မြေ)

# မြန်မာ့ရိုးရာ ခြင်းလုံးအားကစားရုံ ဖွင့်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာ့ရိုးရာ ခြင်းလုံးအားကစား ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီကကြီးမှူး၍ မင်းဓမ္မယဉ်ကျေးမှုအနုသုခုမ ရိုးရာခြင်းလုံးအားကစားရုံကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) တောင်ဘက်မုခ်ဦးအနီးရှိ မင်းဓမ္မခန်းမ၌ ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ဖွင့်လှစ်ခဲ့သည်။

**လာရောက်လေ့ကျင့်နိုင်**

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးမောင်မောင်မြင့်အေးက "ဘုရားကြီးကိုလည်း နှစ်စဉ် ဝါဆိုခြင်းနဲ့ ခြင်းအလှခတ် ပူဇော်ရတာကြောင့် ရိုးရာခြင်းလုံးအားကစားကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ခြင်းရုံအဖြစ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ခြင်းဝါသနာရှင်အားလုံး အဖွဲ့လိုက်ပဲဖြစ်ဖြစ်၊ အသင်းလိုက်ပဲဖြစ်ဖြစ် အချိန်ပိုင်းနဲ့ နေ့စဉ် မိုးလုံလေလုံ လာရောက်လေ့ကျင့်နိုင်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ခြင်အန္တရာယ်ကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျိုင်းတုံ ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး ကလေးဆေးကုသဆောင်ဝင်းအတွင်း၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ဌာနဆိုင်ရာများ၊ မိုင်းဇင်းရပ်နေပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ခန့်သည် ဩဂုတ် ၂ ရက် ညနေ ၃ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး ယခင်အပတ်သောကြာနေ့ကလည်း ဆေးရုံကြီး အဝင်လမ်းဘေး ဝဲ၊ ယာတစ်လျှောက် မြက်ပင်၊ ပေါင်းပင်နှင့် ချုံနွယ်များကို ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# စေတုတ္တရာမြို့နယ်တွင် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပ



**စေတုတ္တရာ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ဆရာချစ်ဦးညို၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီုညိုဝင်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများအကြောင်းကို ပြောကြားသည်။ ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသူများက မိမိတို့ဖတ်ရှုထားသော စာအုပ်ရှိ အတုယူစရာအကြောင်းများ၊ စာအုပ်၏ကောင်းကျိုးများနှင့် မိမိတို့ထင်မြင်ယူဆချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# သစ်တောကြိုးဝိုင်းအတွင်း ဝါးမျိုးစုံဧက ၆၀၀ ကို ဘဏ္ဍာနှစ်သုံးနှစ်အတွင်း စိုက်ပျိုးသွားမည်

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကောလင်းမြို့နယ် မုတ်ဝကြိုးဝိုင်းပြင်ပကာကွယ်တောအတွင်း ဝါးမျိုးစုံဧက ၂၀၀ နှင့် ကနီမြို့နယ် မျိုင်းကြိုးဝိုင်းအတွင်း ဝါးမျိုးစုံဧက ၄၀၀ တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းစိုး၏ ပြောကြားချက်အရ သိရသည်။

ပုဂ္ဂလိကစက်မှုကုန်ကြမ်းစိုက်ခင်းအမျိုးအစားအဖြစ် စိုက်ပျိုးသည့် ဝါးစိုက်ခင်းများသည် သဘာဝအလျောက် သစ်တောများပြန်လည်မဖြစ်နိုင်သည့်နေရာများ၊ ကြိုးဝိုင်းအတွင်း တောနိမ့်တောပျက်များ၊ လုံးပတ်နှစ်ပေအထက်ရှိသစ်ပင် ၁၀ ပင်အထက်မရှိသော နေရာများတွင် သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိကဝါးစိုက်ပျိုးတောင်သူများ ပူးပေါင်းစိုက်ပျိုးခြင်းဖြစ်သည်။

ကနီမြို့နယ် မျိုင်းကြိုးဝိုင်းအတွင်း ဝါးစိုက်တောင်သူ ဦးစိန်လင်းနှင့်အဖွဲ့က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဧက ၂၀၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဧက ၂၀၀ စုစုပေါင်း ဧက ၄၀၀ တွင် ဝါးပိုးဝါး၊ မျှစ်ချိုဝါး၊ မျှင်ဝါးနှင့် ကြသောင်းဝါး စသည့်ဝါးအမျိုးအစားများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ကောလင်းမြို့နယ် မုတ်ဝကြိုးဝိုင်းပြင်ပကာကွယ်တောတွင် ဝါးစိုက်တောင်သူ ဦးသန်းထွန်းနှင့်အဖွဲ့က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဧက ၄၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဧက ၈၀ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဧက ၈၀ စုစုပေါင်း ဧက ၂၀၀ ကို ဝါးပိုးဝါး၊ တင်းဝါး၊ သနပ်ဝါး၊ သိုက်ဝါးနှင့် မျှင်ဝါးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်း ကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၄**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စာဖတ်ဝိုင်းကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းခဲ့ပြီး အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၅ ဦး တက်ရောက်ခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား အုပ်စုငါးစုခွဲ၍ 'ဖွင့်ကြည့်ပါ တစ်ခုတော့ကျန်ခဲ့မှာပါ' စာအုပ်မှ ခဲတံအကြောင်းဖော်ပြသည့် စာပိုဒ်အား ဖတ်ကြားလျက် အဖွဲ့အလိုက် ပြန်လည်ဆွေးနွေးကြသည်။

ယင်းဆွေးနွေးချက်များအပေါ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွဲ့စည်းထားသည့် Book Club ဥက္ကဋ္ဌ ဦးအောင်စိုးမင်းက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

# စစ်တောင်းမြစ်ရေတက်လာချိန် ကူးတို့လှေများ အန္တရာယ်မရှိစေရေး ဆောင်ရွက်ပေးစေလို

**ရေတာရှည် ဩဂုတ် ၄**

စစ်တောင်းမြစ်ရေသည် နေ့စဉ်မြင့်တက်လျက်ရှိရာ မြစ်ကို ဖြတ်ကူးကြရသည့်လှေများ အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် ဒေသခံများက လိုလားနေကြောင်း သိရသည်။

"မြစ်ကူး ကူးတို့တွေမှာ လက်နဲ့လှော်တဲ့ လှေရှိမယ်၊ စက်တပ်ထားတဲ့ လှေတွေရှိမယ်။ အချို့က တစ်စင်းတည်းပို့တယ်။ အချို့ကျတော့ လှေခွံနှစ်ခုကို ပေါင်းပြီး အပေါ်ကနေ ကုန်းပေါင်တင်တယ်။ ဆိုင်ကယ်၊ လူ၊ ကုန်တွေတင်ကြတာရှိတယ်။ အသက်ကယ်အင်္ကျီ မရှိဘူး" ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

ရေတာရှည်မြို့နယ်တွင် စစ်တောင်းမြစ်ကူး တံတားတည်ဆောက်ဆဲနှင့် တည်ဆောက်ရန် လျာထားမှုများသာရှိသေးရာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှ ပြည်သူများမှာ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စများဖြင့် နေ့စဉ် ကူးလူးသွားလာမှုများပြားပြီး မိုးရာသီကာလတစ်လျှောက် ကူးတို့ဖြင့် သွားလာကြသည့်အခါ အန္တရာယ်ဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုလွင်(ဆွာ)**

# ကျိုက်မရောတွင် အတ္ထရံမြစ်ရေတိုး၍ အနိမ့်ပိုင်းရပ်ကွက်များရေနစ်မြုပ်

**ကျိုက်မရော ဩဂုတ် ၄**

မော်လမြိုင်ခရိုင် ကျိုက်မရော မြို့နယ်တွင်မိုးသည်းထန်စွာ ရွာသွန်း၍ အတ္ထရံမြစ်ရေတိုးလာသဖြင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ကမ်းနားလမ်းနှင့်ရှင်စောပုရပ်ကွက် (၁) ရှိ နေအိမ်အချို့တွင် ရေများစတင် ဝင်ရောက်နေပြီဖြစ်သည်။



အဆိုပါရပ်ကွက်ရှိအိမ်များမှ အချို့နေအိမ်များ ကုန်းမြင့်ရာနေရာများသို့ ပစ္စည်းများကို စတင်ပြောင်းရွှေ့လျက်ရှိနေကြောင်း ဒေသခံများက ပြောသည်။ ယခုရက်ပိုင်းအတွင်း လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်သဖြင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီက ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ပြည်သူများစိုးရိမ်မှု မလွန်ကဲကြစေရန် အသိပညာပေးဟောပြောပွဲများနှင့် ရေဘေးကာကွယ်ရေး ပညာပေးလက်ကမ်းများကိုလည်း ကြိုတင်ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေ မှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



# ဓနုဖြူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**ဓနုဖြူ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဩဂုတ် ၂ ရက် ညပိုင်းအထိ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် သဲဖြူကျေးရွာအုပ်စု တူးမြောင်းကျေးရွာတွင် လူနေအိမ် ငါးလုံး အမိုးလန်ကာရှမ်းစုကျေးရွာအုပ်စု၊ ရေလဲကျေးရွာတွင် နေအိမ်တစ်လုံး၊ ရေတွင်းကုန်းကျေးရွာအုပ်စု လှည်းဆိပ်ကျေးရွာတွင် လူနေအိမ် နှစ်လုံး သစ်ပင်ပိ၍ ပြိုကျပျက်စီးခဲ့ပြီး ကျောက်တိုင်ကျေးရွာတွင် နေအိမ်တစ်လုံးနှင့် အင်္ဂလာကျေးရွာအုပ်စု အင်္ဂလာတောင်ကျေးရွာတို့တွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက် သေဆုံးမှုမရှိဘဲ အမိုးလန်အိမ် ခုနစ်လုံး၊ ပြိုကျပျက်စီးအိမ် သုံးလုံး စုစုပေါင်း လူနေအိမ် ၁၀ လုံးရှိ မိသားစုဝင်များအား သက်ဆိုင်ရာက သွားရောက်ကူညီ နေရာချထားပေးထားကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

# မလှိုင်မြို့ နှမ်းစိုက်တောင်သူများ မိုးရွာသွန်းမှုမရှိ၍ အခက်ကြုံ

**မလှိုင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီးမလှိုင်မြို့နယ် ဖိုးကြွယ်ကျေးရွာရှိ နှမ်းစိုက်တောင်သူများ မိုးရွာသွန်းမှုမရှိ၍ အခက်တွေ့နေကြောင်း အဆိုပါကျေးရွာရှိ နှမ်းစိုက်တောင်သူများထံမှ သိရသည်။

"မိုးမကောင်းတဲ့အတွက် တောင်သူတွေ စိုက်သာစိုက်ထားရတယ် မျိုးတောင်ဆုံးမယ့် အနေအထားရှိပါတယ်။ နောက်သီးနှံက မြေပဲသီးနှံတော့ရှိတယ်။ မြေပဲသီးနှံကလည်း မိုးကျမှအဆင်ပြေမှာပါ။ ဒီမိုးမှ မကျရင် အမတော်ကြေးထုတ်ပေးထားတဲ့ ငွေတွေတောင် ပြန်ဆပ်ဖို့ အခက်ကြုံနေပါတယ်"ဟု ဖိုးကြွယ်ကျေးရွာရှိ နှမ်းစိုက်တောင်သူ ဦးမင်းအောင် ပြောသည်။

ယခုနှစ် ဖိုးကြွယ်ကျေးရွာတွင် နှမ်းမျိုးစေ့တစ်ပြည်ကို ငွေကျပ် ၃၅၀၀ ခန့် ပေးရကြောင်း၊ နွားချေးတစ်လှည်းလျှင် ငွေကျပ် ၄၀၀၀ ကျသင့်ကာ နှမ်းတစ်ဧကလျှင် နွားချေး ၁၀ လှည်းခန့် ထည့်သွင်းရသဖြင့် တစ်ဧကလျှင် နွားချေးဖိုးမှာ ငွေကျပ် ၄၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ထယ်ရေးကိုင်ရာတွင် နှမ်းတစ်ဧကလျှင် နွားတစ်ရှဉ်းလျှင် ငွေကျပ်တစ်သောင်းပေးငှားရပြီး တစ်ဧကလျှင် နှမ်းစိုက်ပျိုးခြင်းအတွက် ထယ်ရေးနှစ်စ (ဒေသအခေါ်) ထွန်ယက်ရသဖြင့် နွားတစ်ရှင်းခမှာ ငွေကျပ် ၂၀၀၀၀ ကုန်ကျကြောင်း သိရသည်။

"အခုနှစ်မိုးရာသီတွင် မလှိုင်မြို့နယ်မှာ မိုးရွာသွန်းသည့်ဒေသများရှိသလို မိုးတစ်ကြိမ် နှစ်ကြိမ်သာ ရွာသွန်းတာ၊ မိုးလုံးဝမရွာသွန်းသေးတဲ့ ကျေးရွာတွေလည်း ရှိခဲ့ပါတယ်။ မိုးရွာသွန်းမှုကောင်းတဲ့ ထန်းပင်ကန်ကျေးရွာ၊ လယ်ကြီးကျေးရွာ၊ ကူကြီးကျေးရွာ အစရှိတဲ့ ကျေးရွာတွေမှာတော့ နှမ်းဖြစ်ထွန်းမှုတွေ ကောင်းမွန်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် မိုးရွာသွန်းမှုနည်းတဲ့ ဖိုးကြွယ်ကျေးရွာမှာတော့ အခုနှစ်မိုးခေါင်လို့ နှမ်းစိုက်တောက်သူတွေ အခက်တွေ့နေတာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

**မောင်သိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံတစ်ဝန်း မိုးလေဝသအခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

## ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက် အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သင့်သည့်နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများ ပြုလုပ်ခြင်း၊

(၅) တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များ စိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များစိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်းကိရိယာများ (သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင်သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့်နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာချထားပေးနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့် ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လှေသော်လေ့များအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိဒေသနေ ပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများသိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအတွက် အရေးပေါ်တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေး အခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေး အခမ်းအနားသို့ တက်ရောက်ဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (နေပြည်တော်)တို့ ပူးပေါင်း၍ ကလေးမိဘများ၊ ပြုစုစောင့်ရှောက်သူများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေး အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ သုခစိုးဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကလေးသူငယ်များ၏ မိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတို့ဖြင့် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားဖြစ်သော အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေကို အပြည့်အဝအကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပြီး အထူးသဖြင့် မိဘများ၊ မိသားစုဝင်များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ပရဟိတဂေဟာ သင်တန်းကျောင်းများ၌ ပြုစုစောင့်ရှောက်ရန် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို ဂေဟာများတွင် လက်တွေ့ဆောင်ရွက်နေကြသူများ ပါဝင်၍ ပညာရှင်များနှင့်အတူ ရေးဆွဲချမှတ်ထားပါကြောင်း၊ နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်များသည် မွေးဖွားခြင်း မှတ်ပုံတင်ခွင့်ရရှိသော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေနှင့် ညီမှသာ ရရှိမည်ဖြစ်ကြောင်း။

ဥပဒေအသစ်တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များ ပါဝင်ပြီး အမျိုးသမီးထုဘေးကင်းလုံခြုံမှုရှိရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီးဖြစ်ကြောင်း၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်၌ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တရားဥပဒေစိုးမိုးမှုရရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့်အတူ ပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

**တုံ့ပြန်ဆောင်ရွက်ရေးဆွေးနွေး**

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲများအကြောင်းနှင့် မလိုချင်သော ကိုယ်ဝန်ရခြင်းမှ အရေးပေါ်သားဆက်ခြားနည်းဖြင့် ကာကွယ်ခြင်းဆိုင်ရာ ပညာပေးဟောပြောခြင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒုရဲမှူး သူဇာလွင်က သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုကာကွယ်ရေးအကြောင်း ဟောပြောခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်နွေမိုးအေးက အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုတားဆီးရေးအကြောင်း ဟောပြောခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က အကြမ်းဖက်ခြင်းဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောကြသည်။

**အသိပညာပေးပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် သဲကျွန်းကျေးရွာရှိ ဥယျာဉ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ ပြုစုစောင့်ရှောက်ရန် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို အသိပညာပေးဆွေးနွေးခြင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးငယ်များ ခံစားရရှိရမည့် အကောင်းဆုံးအကျိုးစီးပွားနှင့်စပ်လျဉ်း၍ အသိပညာပေးပြောကြားပြီး ကလေးငယ်များအား ကျောင်းသုံးစာအုပ်၊ အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ပေးဝေကြသည်။

**သတင်းစဉ်**

## ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management in GP (2019) သင်တန်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုလျှင် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်း ခန်းမဆောင် (ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# ဖားဆောင်းမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ဖားဆောင်း ဩဂုတ် ၄**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဖားစည်သံလွင်ခန်းမ၌ ကျင်းပသည်။



ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းချက်များရှိပါက ပြည်သူနှင့် ဌာနဆိုင်ရာပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်စေလိုကြောင်း၊ လိုအပ်မှုများရှိပါက ချိတ်ဆက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း၊ အစိုးရ၏စေတနာ မေတ္တာများကိုသိရှိပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးစန်းက ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေခံစားခွင့်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖားဆောင်းမြို့နယ်အတွင်းရှိ ကိုယ်ဝန်တစ်လရှိ မိခင် ၂၆ ဦး၊ တစ်လသားကလေး ခြောက်ဦး ပေါင်း ၃၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၈၀၀၀၀ ကိုလည်းကောင်း၊ ကိုယ်ဝန် နှစ်လရှိ မိခင် ၁၇ ဦး၊ နှစ်လသားကလေး ၂၃ ဦး ပေါင်း ၄၀အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၂၀၀၀၀၀ ကိုလည်းကောင်း၊ ကိုယ်ဝန် သုံးလရှိ မိခင် ၃၂၂ ဦး သုံးလသားကလေး ၂၇၉ ဦး ပေါင်း ၆၀၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၇၀၄၅၀၀၀ ကိုလည်းကောင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များ၏ကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအိဖြူသွယ်နှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ကျန်းမာရေးအခြေအနေအရ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း မရှိသည့် ကိုယ်ဝန်ဆောင်မိခင်များအား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းသဲနုအောင်(ဖားဆောင်း)**

# ဇူလိုင်လအတွက် MNL တစ်လတာ အကောင်းဆုံးဆုကို ဦးတင်မောင်ထွန်းနှင့် ဇင်မင်းထွန်းရရှိ




အကောင်းဆုံးနည်းပြဆုရ ဦးတင်မောင်ထွန်း (ရန်ကုန်) ဆုလက်ခံရယူစဉ်။

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ချီးမြှင့်သည့် ၂၀၁၉ MNL အမှတ်ပေးပြိုင်ပွဲ၏ ဇူလိုင်လအတွက် တစ်လတာ အကောင်းဆုံးဆုများ ရွေးချယ်ခဲ့ရာ ရန်ကုန်အသင်း ယာယီနည်းပြချုပ် ဦးတင်မောင်ထွန်းနှင့် မကွေးအသင်း တိုက်စစ်မှူး ဇင်မင်းထွန်းတို့ရရှိခဲ့သည်။ အကောင်းဆုံးကစားသမားဆုများကို ယခုတစ်ပတ်ကျင်းပသည့် ပွဲစဉ် (၁၉) တွင် သက်ဆိုင်ရာကွင်းများ၌ ချီးမြှင့်ခဲ့သည်။

**စွမ်းဆောင်ရည်သိသိသာသာ ကောင်းမွန်**

အကောင်းဆုံးကစားသမားဆုရ ဇင်မင်းထွန်းကို ဩဂုတ် ၃ ရက်က ပုသိမ်ကွင်း၌ ကျင်းပသည့် ဧရာဝတီ-မကွေးပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် တစ်သိန်းခွဲရရှိခဲ့သည်။ အကောင်းဆုံးကစားသမားဆုရ ဇင်မင်းထွန်းသည် ဇူလိုင်လအတွင်းကစားသည့် လေးပွဲစလုံးဂိုးသွင်းနိုင်သည့်အပြင် ငါးဂိုးအထိ သွင်းယူကာ ပြိုင်ဘက်ကစားသမားများထက် စွမ်းဆောင်ရည် သိသိသာသာကောင်းမွန်ခဲ့သောကြောင့် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ အကောင်းဆုံးနည်းပြဆုရ ဦးတင်မောင်ထွန်းကို ဩဂုတ် ၄ ရက်က သုဝဏ္ဏကွင်း၌ကျင်းပသည့် Chinland နှင့် ရန်ကုန်အသင်းပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် တစ်သိန်းရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ဇူလိုင်လက ယှဉ်ပြိုင်ခဲ့သည့် လေးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ပြီး ရှုံးပွဲမရှိ၊ ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သောကြောင့် ဦးတင်မောင်ထွန်းက အကောင်းဆုံးနည်းပြဆု ရရှိခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လတွင် သုံးပွဲနိုင်၊ တစ်ပွဲကျသည့် အသင်းသုံးသင်းရှိခဲ့ပြီး ဦးတင်မောင်ထွန်းသည် ဧရာဝတီအသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ မကွေးအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးတို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။

**လအလိုက်အကောင်းဆုံးဆု**

ယခုရာသီတွင် လအလိုက်အကောင်းဆုံးဆုများကို ဇန်နဝါရီတွင် ဦးအောင်ကျော်မိုး (ရတနာပုံ)နှင့် ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဖေဖော်ဝါရီ၊ မတ်တွင် ဦးငွေထွန်း (ဟံသာဝတီ)နှင့် လှိုင်းဘိုဘို(ရတနာပုံ)၊ ဧပြီတွင် ဦးအောင်ကျော်မိုး (ရတနာပုံ)နှင့် ဆယ်လာ (ရန်ကုန်)၊ မေ၊ ဇွန်တွင် ဦးအောင်နိုင် (ရှမ်းယူနိုက်တက်)နှင့် အဘူကာကာ (ရခိုင်)၊ ဇူလိုင်တွင် ဦးတင်မောင်ထွန်း(ရန်ကုန်)နှင့် ဇင်မင်းထွန်း (မကွေး) တို့က ရရှိခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**




# မြန်မာ ယူ-၁၈ အသင်း အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရန် ဗီယက်နမ်သို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၄**

မြန်မာ ယူ-၁၈ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ ထွက်ခွာသွားသည်။

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့် အုပ်စု (က) တွင် ကျရောက်နေသည်။ အုပ်စု (ခ) တွင် မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၆ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၈ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၂ ရက်တွင် ဘရူနိုင်းအသင်း၊ ဩဂုတ် ၁၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၈ အသင်းသည် ယင်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲ ကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ ဂျပန်ခရီးစဉ်သို့ ခေါ်ဆောင်သွားသည့် ကစားသမား ၂၅ ဦးအနက် မျိုးကိုကိုလင်း၊ ကောင်းဇင်မိုး၊ ရဲထက်အောင်တို့ ချန်လှပ်ခံခဲ့ရပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း ပဏာမလူစာရင်းတွင် ရွေးချယ်ခံထားရသည့် ဟိန်းထက်အောင်ကို အားဖြည့်ရွေးချယ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ယင်းပြိုင်ပွဲအတွက် ဇန်နဝါရီကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်နှင့် နိုင်ငံတကာ ခြေစမ်းပွဲများ ကစားခဲ့သလို MFF Youth အသင်းအမည်ဖြင့် ၂၀၁၉ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ပါဝင်**

မြန်မာ ယူ-၁၈ အသင်းတွင် **အုပ်ချုပ်သူအဖြစ်** ဦးရဲဝင်းအောင်၊ **နည်းပြချုပ်အဖြစ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြများအဖြစ်**-ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြအဖြစ်**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး-**နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း**-သက်ဟိန်းစိုး၊ ညဏ်လင်းထက်၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ စောထော်နေမူး၊ ကောင်းခန့်ကျော်(၁)၊ **အလယ်တန်း**-ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရန်ကျော်စိုး၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ **ရှေ့တန်း**- လမင်းထွေး၊ ညီညီ၊ စောကျော်အဲနှင့် ဩဘာခတို့ ပါဝင်ကြသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-**MFF

# ဂန့်ဂေါခရိုင် ပြန်/ဆက်ဦးစီးဌာနတွင် လူငယ်စာဖတ်ဝိုင်းပြုလုပ်

**ဂန့်ဂေါ ဩဂုတ် ၄**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက လူငယ်စာဖတ်ဝိုင်းပြုလုပ်သည်။

အဆိုပါ စာဖတ်ဝိုင်းနှင့်စပ်လျဉ်း၍ “ဩမြတ်မေကို၏ ကြယ်စင်များဆီသို့နှင့် အာရှလူငယ်ဝတ္ထုတိုများစာအုပ်ကို စာဖတ်ဝိုင်းမှာ ပါဝင်မယ့် ကျောင်းသား ကျောင်းသူ အဖွဲ့ခေါင်းဆောင်တွေကို ကြိုတင်ငှားရမ်းထားပြီးတော့ လေ့လာစေပါတယ်။ စာအုပ်မှာပါတဲ့ အကြောင်းအရာတွေကို အလှည့်ကျ ဆွေးနွေးစေပါတယ်။ သူတို့အမြင်တွေ ပြောပြအပြီးမှာ ကျွန်တော်တို့က ပြန်လည်ဆွေးနွေးပေးပါတယ်”ဟု ခရိုင်ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်တာဝန်ခံ ရုပ်သံကျွမ်းကျင်(၃) ဦးနေမျိုးသူရက ပြောသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ ခရိုင်ပြန်/ဆက်၏ BOOK CLUB ဥက္ကဋ္ဌ ဦးအောင်စိုးမင်းနှင့် ဆရာ ဆရာမများ၊ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူများ ၅၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်သန်းဆွေ**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❖ ကျောဖုံးမှ

မျှော်လင့်ချက် ဆက်ရှိနေဆဲဖြစ်သည်။ ရတနာပုံအသင်းသည် ဦးဆောင်ဂိုးများ ရခဲ့သော်လည်း အနိုင်ရလဒ်ကို ထိန်းထားနိုင်ခြင်းမရှိဘဲ ရှမ်းယူနိုက်တက်အသင်းသည် နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့သလို အသင်းကြီးနှစ်သင်း တွေ့ဆုံသည့်ပွဲဖြစ်သောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

**အနိုင်ရလဒ်ကို ထိန်းကစားသွား**

ပွဲအစတွင် ရှမ်းယူနိုက်တက်အသင်းသည် ပုံစံကောင်းရရန် ရုန်းကန်နေရပြီး ရတနာပုံအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ရတနာပုံအသင်း ဂိုးစရခဲ့ပြီး ရဲရင့်အောင် ခေါင်းတိုက်ချပေးသောဘောလုံးကို မြတ်ကောင်းခန့်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန် ကြိုးပမ်းသော်လည်း တိုက်စစ်ကစားပုံမကောင်းသောကြောင့် ပထမပိုင်းတွင် မထိရောက်ခဲ့ဘဲ ဒုတိယပိုင်းအစမှာ ဂိုးပြန်ရခဲ့သည်။ မိနစ် ၅၀ တွင် နောက်ခံလူ ဝီလျံက ထောင့်ကန်ဘောကို ခေါင်းတိုက်ကာ ရှမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာပြီး ၇၁ မိနစ်တွင် ရှမ်းယူနိုက်တက်နောက်ခံလူ ဝီလျံ လက်ထိသောကြောင့် ရရှိသည့်ပင်နယ်တီကို ဝင်းနိုင်စိုးက ကန်သွင်းခဲ့၍ ရတနာပုံအသင်း ဒုတိယဂိုး ထပ်ရခဲ့သည်။ ရတနာပုံအသင်း၏ ဦးဆောင်မှုမှာ ငါးမိနစ်သာကြာခဲ့ပြီး ၇၆ မိနစ်တွင် အီမန်နျူရယ်က ရှမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မိနစ် ၈၀ တွင် နန္ဒကျော်က အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

**ဆက်လက်ရုန်းကန်ရမည်**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် ရန်ကုန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် မထင်မှတ်ဘဲ သရေကျခဲ့သောကြောင့် ရှမ်းယူနိုက်တက်၊ ဧရာဝတီအသင်းတို့နှင့် တစ်မှတ်သာ ကွာဟပြီး လက်ကျန်ပွဲများမှာ ချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။ ၂၉ မိနစ်တွင် Chinland အသင်းနောက်ခံလူ အောင်ဟိန်းကျော် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး ၉၀+၂ မိနစ်တွင် ဘာဘာတန်ဒီက Chinland အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲချိန် ၁၃ မိနစ်တွင် ပွဲရပ်နားခဲ့ရပြီး မိနစ် ၅၀ ကျော် ရပ်နားပြီးမှ ပြန်လည်စတင်နိုင်ခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် အိမ်ကွင်းနိုင်ပွဲကြောင့် တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်းသွားပြီး ဇွဲကပင်အသင်းမှာမူ ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ Southern အသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် ကောင်းစည်သူ၊ မိနစ် ၅၀ တွင် ရှိုင်းသူရ၊ ၉၀+၆ မိနစ်တွင် မျိုးဝေလင်းတို့က သွင်းယူခဲ့ပြီး ဇွဲကပင်အသင်းအတွက် ချေပဂိုးကို ၉၀+၅ မိနစ်တွင် သိန်းတန်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၉) အပြီးတွင် ရန်ကုန်အသင်းက ၃၈ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းက ၃၇ မှတ်စီ၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ရမှတ် ၃၀၊ ရတနာပုံအသင်းက ၂၆ မှတ်၊ စစ်ကိုင်းအသင်းက ၂၄ မှတ်၊ မကွေးအသင်းက ၂၁ မှတ်၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ ဒဂုံအသင်းက ၁၄ မှတ်၊ Chinland အသင်းက ၁၃ မှတ် ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ပါရှန်ပင်လယ်ကွေ့တွင် ရေနံတင်သင်္ဘောတစ်စင်းအား အီရန် ထပ်မံဖမ်းဆီး



**တီဟီရန် ဩဂုတ် ၄**

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပါရှန်ပင်လယ်ကွေ့တွင် နိုင်ငံခြားရေနံတင်သင်္ဘောတစ်စင်းအား ထပ်မံဖမ်းဆီးခဲ့ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၃၁ ရက်တွင် ဖမ်းဆီးခဲ့သော အဆိုပါရေနံတင်သင်္ဘောသည် လွန်ခဲ့သော ရက်သတ္တ သုံးပတ်တာကာလအတွင်း အီရန်ကဖမ်းဆီးခဲ့သော ရေနံတင်သင်္ဘောများအနက် သုံးစင်းမြောက်ဖြစ်သည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့အကြီးအကဲက ၎င်းတို့ဖမ်းဆီးခဲ့သည့် ရေနံတင်သင်္ဘောသည် အာရပ်နိုင်ငံအချို့အတွက် ရေနံများတရားမဝင်သယ်ဆောင်လာခဲ့ခြင်းကြောင့် ဖမ်းဆီးခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါသင်္ဘောပေါ်တွင် ရေနံလီတာ ခုနစ်သိန်းခန့် တွေ့ရှိရကြောင်းနှင့် လိုက်ပါလာသည့် နိုင်ငံများမှ သင်္ဘောသား ခုနစ်ဦးကိုလည်း ဖမ်းဆီးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က လွန်ခဲ့သောလက ပါရှန်ပင်လယ်ကွေ့တွင် ရေနံတင်သင်္ဘောနှစ်စင်းကို ဖမ်းဆီးခဲ့သည်။ ယင်းတို့အနက် တစ်စင်းသည် ဗြိတိန်နိုင်ငံပိုင်သင်္ဘောဖြစ်သည်။

အမေရိကန်က ဟော်မုဇ်ရေလက်ကြားတစ်လျှောက် ဖြတ်သန်းသွားလာသော နိုင်ငံတကာသင်္ဘောများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ညွန့်ပေါင်းလုံခြုံရေးအဖွဲ့တစ်ရပ်ဖွဲ့စည်းသွားရန် နိုင်ငံတကာသို့ တိုက်တွန်းလျက်ရှိသည်။

**အေအက်ဖ်ပီ**

# အိုဟိုင်းယိုးပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား ကိုးဦးသေဆုံး၊ ၁၆ ဦး ဒဏ်ရာရ

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် တနင်္ဂနွေနေ့ နံနက်အစောပိုင်းက အစုလိုက်အပြုံလိုက် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးခဲ့ပြီး အနည်းဆုံး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းသေနတ်ပစ်ခတ်မှုသည် အိုဟိုင်းယိုးပြည်နယ် ဒေတန်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်သူနှင့် အခြားလူကိုးဦး သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ အနည်းဆုံး လူ ၁၆ ဦးကို အနီးရှိဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ဒေတန်မြို့ရဲဌာနက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

သေနတ်ပစ်ခတ်မှု စတင်ဖြစ်ပွားချိန်၌ အခင်းဖြစ်ပွားရာအနီးတွင် ရဲအရာရှိများရှိနေသဖြင့် မြန်မြန်ဆန်ဆန်တုံ့ပြန်၍ အဆုံးသတ်နိုင်ခဲ့ကြောင်း ယင်းရဲဌာနက ရေးသားထားသည်။ ဗဟိုစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အခင်းဖြစ်ရာနေရာတွင် စုံစမ်းစစ်ဆေးမှုများကို ကူညီဆောင်ရွက်ရန် ရောက်ရှိနေပြီဖြစ်သည်။

အိုဟိုင်းယိုးပြည်နယ် သေနတ်ပစ်ခတ်မှုသည် အမေရိကန်နိုင်ငံတွင် ၂၄ နာရီအတွင်း ဒုတိယအကြိမ်ဖြစ်ပွားသည့် အစုလိုက်အပြုံလိုက် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်သည်။ ယင်းသေနတ်ပစ်ခတ်တိုက်ခိုက်မှုသည် လူ ၂၀ သေဆုံးခဲ့ပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့သည့် တက္ကဆက်ပြည်နယ် အယ်ပါဆိုမြို့တွင် ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုအပြီး နာရီ အနည်းငယ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**





# အင်ဒိုနီးရှားနိုင်ငံတွင် အင်အား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဂျကာတာ ဩဂုတ် ၄**

အင်ဒိုနီးရှားနိုင်ငံတွင် အင်အား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူလေးဦးသေဆုံးခဲ့ပြီး ငလျင်ဘေးသင့်ဒေသများတွင် လူနေအိမ် ၂၀၀ ကျော် ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးအေဂျင်စီအကြီးအကဲ ဒိုနီမိုနာဒိုက ဆိုသည်။

အဆိုပါငလျင်သည် ဩဂုတ် ၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၃ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ဗဟိုချက်သည် ဆူမာခရိုင်အနောက်တောင်ဘက် ၁၄၇ ကီလိုမီတာခန့်သို့ ဦးတည်လှုပ်ခတ်ခဲ့ပြီး ငလျင်သက်ရောက်သည့် မြေအောက်အနက်မှာ ၁၀ ကီလိုမီတာ (ခြောက်မိုင်) ခန့်ရှိသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူသေဆုံးမှုနှုန်းနှင့် အပျက်အစီးစာရင်းများကို သေချာစွာစောင့်ကြည့်ရမည်ဖြစ်ကြောင်းနှင့် ယခုရရှိထားသော စာရင်းများအရ လူလေးဦးသေဆုံးပြီး လူနေအိမ် ၂၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်ဟု မိုနာဒိုက ဆက်လက်ပြောကြားသည်။

ဘေးလွတ်ရာနေရာများသို့ ပို့ဆောင်ထားသော ငလျင်ဘေးသင့်ပြည်သူများသည် ၎င်းတို့နေရပ်များသို့ ပြန်လည်ထွက်ခွာလျက်ရှိကြောင်း ၎င်းက ဆိုသည်။

အဆိုပါငလျင်သည် ကနဦးတွင် ပြင်းအား ၇ ဒသမ ၄ အထိ ရောက်ရှိခဲ့ပြီး တဖြည်းဖြည်း ၆ ဒသမ ၉ အဆင့်သို့ လျော့ကျလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှား အာဏာပိုင်များက ဆိုသည်။

**ဆင်ဟွာ**

# ဗြိတိန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံတစ်ခု ပြိုကျပျက်စီးလုနီးပါးအခြေအနေရောက်ရှိ



**လန်ဒန် ဩဂုတ် ၄**

ဗြိတိန်နိုင်ငံ ဒါဘီရှိုးယားမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံတစ်ခု ပျက်စီးကျိုးပေါက်နိုင်သည့် အခြေအနေကို ရောက်ရှိနေသည့်အတွက် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ဒေသခံ ၆၀၀၀ ကျော်ကို ဘေးလွတ်ရာဒေသများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အဆိုပါရေလှောင်တမံသည် အနည်းငယ်ပျက်စီးသည့် အစိတ်အပိုင်းမှအစပြုကာ ပြိုကျပျက်စီးသွားနိုင်ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တော့ဘရုခ် ရေလှောင်တမံ၏ အစိတ်အပိုင်းအချို့ ပျက်စီးခဲ့သည်။ အဆိုပါရေလှောင်တမံ၏သက်တမ်းသည် နှစ်ပေါင်း ၁၈၀ ခန့်ရှိပြီဖြစ်ပြီး ရေတန်ချိန်ပေါင်း ၁ ဒသမ ၃ သန်းခန့် သိုလှောင်နိုင်သည်။ ဩဂုတ် ၂ ရက်တွင် တော်ဝင်လေကြောင်းတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းဖြင့် ရေလှောင်တမံ၏ အနည်းငယ်ပျက်စီးသည့်နေရာကို သဲအိတ်များဖို့ကာ ကျိုးပေါက်မှုမဖြစ်ပွားစေရန် ကာကွယ်ခဲ့သည်။ ထို့ပြင် ရေလှောင်တမံအတွင်းရှိ ရေများကို ရေစုပ်စက်ဖြင့် စုပ်ထုတ်ခဲ့သည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အဆိုပါဒေသသို့ သွားရောက်ကာ ဒေသခံများနှင့် တွေ့ဆုံခဲ့ပြီး ရေလှောင်တမံ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ကတိပြုပြောကြားခဲ့သည်။

အဆိုပါရေလှောင်တမံသည် ပြိုကျပျက်စီးနိုင်သည့် အခြေအနေတွင် ရောက်ရှိနေသည့်အတွက် ရေလှောင်တမံအနီးသို့ မည်သူတစ်ဦးတစ်ယောက်မျှ ဖြတ်သန်းသွားလာခြင်းမပြုရန် ရဲအရာရှိများက ဒေသခံများကို တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြေပြင်မှ ဝေဟင်ပစ် အဆင့်မြင့်ဒုံးကျည် အိန္ဒိယ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်



**နယူးဒေလီ ဩဂုတ် ၄**

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဖြစ် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ကို ဇူလိုင် ၄ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံပိုင် ရုပ်သံလွှင့်ဌာနတစ်ခုဖြစ်သည့် အောလ်အိန္ဒိယ ရေဒီယိုက ကြေညာသည်။

အိန္ဒိယအစိုးရသည် အဆိုပါ ဒုံးကျည်ကို ဩရိဿပြည်နယ် ချန်ဒီကမ်းရိုးတန်းတွင် တည်ရှိသော အိန္ဒိယ၏ အဆင့်မြင့်ဒုံးပစ်ကွင်းရှိ ဒုံးပစ်စင်တစ်ခုမှ ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်း ၁၁ နာရီ ၅ မိနစ်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မည်သည့် ရာသီဥတုနှင့် မြေမျက်နှာပြင်မျိုးတွင်မဆို အမြန်တုံ့ပြန်နိုင်စွမ်းရှိသည့် အဆင့်မြင့်ဒုံးကျည်ကို နိုင်ငံ၏ အရှေ့ဘက်ဩရိဿပြည်နယ်ရှိ အဆင့်မြင့် ဒုံးပစ်ကွင်းမှ ယနေ့ အစောပိုင်းက အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အဆင့်မြင့်အာကာသကုမ္ပဏီတစ်ခုဖြစ်သည့် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့သည် အဆိုပါ ဒုံးကျည်ကို အိန္ဒိယတပ်မတော်အတွက် ဒီဇိုင်းဆွဲထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အဆိုပါ ဒုံးကျည်ကို ၂၀၁၇ ခုနှစ် ဇွန် ၄ ရက်က ပထမကြိမ်အဖြစ် စမ်းသပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဒုတိယအကြိမ်အဖြစ် စမ်းသပ်ခဲ့ရာ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် ၁၀၈ ဦး သေဆုံး

**ဒါကာ ဩဂုတ် ၄**

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများနှင့် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်တစ်လျှောက် တောင်ကျချောင်းရေကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူပေါင်း ၁၀၈ ဦးထက်မနည်း သေဆုံးခဲ့သည်။



ရေကြီးရေလျှံမှုများကြောင့် ခရိုင် ၁၆ ခုတွင် လူ ၁၀၆ ဦး သေဆုံးခဲ့ပြီး နိုင်ငံတစ်ဝန်း သီးနှံစိုက်ခင်းများ၊ လမ်းမကြီးများ၊ အဝေးပြေးလမ်းမကြီးအချို့ ပျက်စီးသွားခဲ့ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေး ဗဟိုဌာန (NDRCC)မှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သေဆုံးသူအများစုမှာ ရေနစ်သေဆုံးခြင်းဖြစ်ပြီး အချို့မှာ ရေကြီးရေလျှံမှုများ ဖြစ်ပွားရာဒေသများ၌ လေ့တိမ်းမှောက်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း NDRCC ၏ နေ့စဉ်အစီရင်ခံစာကို ကိုးကား၍ ပြောကြားသည်။

ပြီးခဲ့သည့်လ ပထမပတ်နောက်ပိုင်း ပြည်သူခြောက်သန်းခန့် ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရပြီး မိသားစုပေါင်းများစွာ အိုးအိမ်များ စွန့်ခွာခဲ့ရကြောင်း ၎င်းက ဆိုသည်။ ခရိုင်အများစုတွင် မြစ်အများစုမှာ မြစ်ရေကျဆင်းနေပြီဖြစ်ရာ ယခုအခါ ရေကြီးရေလျှံမှု အခြေအနေမှာ ကောင်းမွန်လာပြီဟု အစီရင်ခံစာအား ကိုးကား၍ ၎င်းက ပြောကြားသည်။ မြစ်အစင်း ၂၃၀ ကျော် ဖြတ်သန်းစီးဆင်းရာ မြေနိမ့်ဒေသတွင် တည်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနေပြည်သူများမှာ ဇွန်လမှ စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှုများ ကြုံတွေ့ရလေ့ရှိသည်။

ရေကြီးရေလျှံမှုများ ကိုင်တွယ်ဖြေရှင်းရာတွင် နိုးနိုးကြားကြားရှိကြရန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာက တာဝန်ရှိသူများကို တိုက်တွန်းခဲ့သည်။ တိုင်းပြည်၏ နေရာအချို့တွင် ရေလွှမ်းမိုးခဲ့ပြီး ယခုလအကုန်တွင် နိုင်ငံအလယ်ပိုင်း၌ ရေကြီးမှုတဖြည်းဖြည်းကျဆင်းသွားမည်ဟု ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန် အမျိုးသမီးများအား လူသစ်အဖြစ် အိုင်အက်စ် စုဆောင်း

**ဘဂ္ဂဒက် ဩဂုတ် ၄**

အိုင်အက်စ်စစ်သွေးကြွအုပ်စုသည် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် အမျိုးသမီးများကို လူသစ်အဖြစ် စုဆောင်းလျက်ရှိကြောင်း အီရတ်ထောက်လှမ်းရေးဌာနက ပြောကြားသည်။

အစွန်းရောက်ဝါဒီများသည် အကြမ်းဖက်တိုက်ခိုက်မှုများ၌ အမျိုးသမီးများ ပို၍ပါဝင်လာမှုကို ခွင့်ပြုထားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနရှိ ထောက်လှမ်းရေးနှင့် တန်ပြန်အကြမ်းဖက်နှိမ်နင်းမှုဌာန အကြီးအကဲတစ်ဦးဖြစ်သူ အာဘူအာလီအယ်လ်ဘာစရီ၏ ပြောကြားချက်ကို နိုင်ငံပိုင်အယ်လ်ဆာဘာသတင်းစာက ကိုးကားဖော်ပြထားသည်။ အိုင်အက်စ်အဖွဲ့သည် နိုင်ငံအများအပြား၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ရန်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် အမျိုးသမီးများကို လူသစ်အဖြစ် စုဆောင်းခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဘာစရီက ထပ်မံပြောကြားသည်။

လူသစ်အဖြစ် စုဆောင်းထားသော အမျိုးသမီးအများအပြားကို အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ဆီးရီးယားနိုင်ငံနှင့် ဆူဒန်နိုင်ငံအပါအဝင် အခြားသောနိုင်ငံအများအပြားသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ အိုင်အက်စ်စစ်သွေးကြွအုပ်စုသည် အကြမ်းဖက်တိုက်ခိုက်မှုနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် အဆိုပါ အမျိုးသမီးများကို အီရန်နိုင်ငံ အရှေ့ဘက်နှင့် အနောက်ဘက်ဒေသများတွင် စုဆောင်းခဲ့ခြင်းဖြစ်သည်။

အီရတ်ထောက်လှမ်းရေးဌာနသည် အီရတ်အစိုးရတပ်နှင့် နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့တို့နှင့်ပူးပေါင်းလျက် ထောက်လှမ်းရေးဆိုင်ရာ စစ်ဆင်မှုအများအပြားလုပ်ဆောင်ခဲ့သည်။ တချို့စစ်ဆင်မှုများကို အိမ်နီးချင်းဆီးရီးယားနိုင်ငံတွင် ပြုလုပ်ခဲ့ပြီး ယင်းကဲ့သို့သော စစ်ဆင်မှုများ ပြုလုပ်ခြင်းကြောင့် အိုင်အက်စ်အုပ်စု၏ အရေးပါသော ခေါင်းဆောင်များနှင့် အရာရှိကြီးများ သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ဘာသာပြန် - ဂျေတီ**



# ဖိလစ်ပိုင် ကူးတို့လှေများနစ်မြုပ်မှုတွင် သေဆုံးသူ ၁၄ ဦးအထိ ရှိလာ

**မနီလာ ဩဂုတ် ၄**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အီအိုလိုနှင့် ဂွီမာရက်စ်ပြည်နယ်များ၌ ကူးတို့လှေသုံးစင်း နစ်မြုပ်မှုတွင် သေဆုံးသူဦးရေမှာ ၁၄ ဦးအထိ ရှိလာခဲ့ပြီဟု ပြည်နယ်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီက ပြောကြားလိုက်သည်။

ယမန်နေ့က အီအိုလို-ဂွီမာရက်စ် ရေလက်ကြားအတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် သုံးနာရီအတွင်း ကူးတို့လှေသုံးစင်း တိမ်းမှောက်ကာ ပျောက်ဆုံးနေဆဲဖြစ်သည့် လူ ၂၀ ခန့်ကို ဆက်လက်ရှာဖွေနေကြောင်း အီအိုလိုမြို့တော် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီက ယနေ့ ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုတွင် ဖော်ပြသည်။ လူဇုန်ကျွန်းနှင့် အနောက်ပိုင်းဗီစာရက်စ်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုများ၊ လှိုင်းထန်မှုများကြောင့် ကူးတို့လှေသုံးစင်းစလုံးမှာ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ကူးတို့လှေခရီးစဉ်များကို ဖျက်သိမ်းရန် သတ်မှတ်ခဲ့ချိန်တွင် လှိုင်းလေပြင်းထန်သည့် ရေပြင်အတွင်း ကူးတို့လှေများ မည်ကဲ့သို့ လှော်ခတ်ခဲ့သည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရပေ။ မုတ်သုံမိုးရွာသွန်းမှုများကြောင့် မနီလာမြို့တော်အပြင် လူဇုံကျွန်းနှင့် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အာဏာပိုင်များက အစိုးရရုံးအလုပ်များနှင့် စာသင်ချိန်များ ရပ်ဆိုင်းခဲ့ရသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-ကျော်ထိုက်စိုး**

# ရောဝတီတံတား(ရတနာပုံ )ပေါ်မှ ခုန်ချသေဆုံးခဲ့သည့် အမျိုးသား၏ ရုပ်အလောင်းအား ပြန်လည်တွေ့ရှိ

**စစ်ကိုင်း ဩဂုတ် ၄**

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ကို ဆက်သွယ်ထားသည့် ဧရာဝတီတံတား (ရတနာပုံ) ပေါ်မှ ဧရာဝတီမြစ်အတွင်း ခုန်ချသေဆုံးသွားခဲ့သည့် အမျိုးသား၏ ရုပ်အလောင်းကို ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခန့်က စစ်ကိုင်းမြို့ မြေဝတီဆိပ်ကမ်းမှ ပြန်လည်တွေ့ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)ထံမှ သိရသည်။

ဧရာဝတီမြစ်အတွင်း ခုန်ချသေဆုံးသူမှာ စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကုန်းရွာနေ ပြည့်ဟိန်းထက်ဖြစ်ပြီး ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ခြမ်းမှ ဩဂုတ် ၂ ရက် ညနေ ၅ နာရီခန့်က ဧရာဝတီမြစ်အတွင်း ခုန်ချခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)မှ အတွင်းရေးမှူး ကိုစိုးမင်းဦးက ပြောသည်။

"မနက်ကတည်းက ကျွန်တော်တို့ နေရာအနှံ့ရှာနေတာ။ ဘာလို့လဲဆိုတော့ ဒီနေ့က ပေါ်လာနိုင်တဲ့ရက်ဖြစ်တဲ့အတွက်ကြောင့် ရေလုပ်သားတွေကိုလည်း သတင်းဖြန့်ထားတယ်။ ရေလုပ်သားတစ်ယောက်က ခြုံထဲမှာတွေ့တယ်ဆိုတာနဲ့ သွားရောက်ဆယ်ယူခဲ့တာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

တံတားပေါ်မှ ခုန်ချသေဆုံးသွားသည့် ပြည့်ဟိန်းထက်၏ ရုပ်အလောင်းကို တွေ့ရှိရန်အတွက် ဩဂုတ် ၂ ရက် ညနေပိုင်းမှ စတင်၍ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)၊ သုခကာရီ (Rescue) နှင့် ဒေသခံရေလုပ်သားများ ပူးပေါင်းပြီး ရှာဖွေခဲ့ရာ ယနေ့၌ မြေဝတီဆိပ်ကမ်းတွင် ၎င်း၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ဇေယျ**



စိုင်းဟန်အောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီ မိနစ် ၅၀ တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် စိမ်းလဲ့ကန်သာစိုက်ပျိုးခြံအနီး လမ်းလျှောက်လာသူ စိုင်းဟန်အောင်၏ ကျောပိုးအိတ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ မြန်မာငွေကျပ် ၆၅၀၀၀၊ ရွှေနားကွင်းတစ်ရံနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်ကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ သက်နိုင်၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် ရတနာလမ်းသွယ် (၄) လမ်း၌ သန်းမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ နံနက် ၉ နာရီခွဲက တာချီလိတ်မြို့နယ် တာချီလိတ်-မိုင်းဟဲ သွားကားလမ်းတွင် လီဂျာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မင်းလှ၌ ဟိုက်ဂျက်ယာဉ်တိမ်းမှောက် ကျောင်းသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံး

**မင်းလှ ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ဆက်အုပ်စု သစ်တူးအိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၀၃/၅ နှင့် ၁၀၃/၆ အကြားတွင် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က ဟိုက်ဂျက်ယာဉ်တစ်စီး တိမ်းမှောက်ရာ ကျောင်းသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းမကြီးအတိုင်း ရန်ကုန်မှ ပြည်သို့ ယာဉ်မောင်း ဇော်လွင် မောင်းနှင်လာသော ဟိုက်ဂျက်ယာဉ်မှာ အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းရှိ သစ်ပင်အားဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်နေ မောင်ဟန်ဇင်ထက်(ရှစ်တန်းကျောင်းသား)နှင့် ဒေါ်သောင်းကြည်တို့မှာ နေရာတွင်သေဆုံးခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်လွင်အား မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ရွှေဘိုမြို့နယ် တကန်သာကျေးရွာတွင် လူသတ်မှုဖြစ်

**ရွှေဘို ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တကန်သာကျေးရွာတွင် ဩဂုတ် ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က စိတ်ပုံမှန်မဟုတ်သူက တစ်ရွာတည်းသားချင်းကို ပေါက်ပြားရိုးနှင့်ရိုက်ပြီး ဓားဖြင့်ခုတ်ခဲ့သဖြင့် လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆန်းဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ရွှေဘိုမြို့နယ် တကန်သာကျေးရွာနေ ဝင်းဇော်ဦး(ခ)ကိုပိန်သည် တစ်ရွာတည်းနေ စိတ်ပုံမှန်မဟုတ်သူ မောင်ဝင်း အိမ်ရှိ ဓားသွေးကျောက်တွင် ဓားသွေးပြီးအပြန် မောင်ဝင်းမှ နောက်ကလိုက်လာပြီး ဝင်းဇော်ဦး(ခ) ကိုပိန်အား ၎င်းလက်ထဲရှိ ပေါက်ပြားရိုးနှင့် ရိုက်လိုက်သဖြင့် ဝင်းဇော်ဦး(ခ) ကိုပိန်မှာ ဝဲနားထင်ပေါက်ပြဲဒဏ်ရာရရှိကာလဲကျသွားစဉ် မောင်ဝင်းက ဝင်းဇော်ဦး(ခ)ကိုပိန် ပါလာသော ဓားဖြင့်ခုတ်ခဲ့ရာ ဝင်းဇော်ဦး(ခ)ကိုပိန်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မောင်ဝင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မောင်ဝင်း တကန်သာကျေးရွာ ရွှေဘိုမြို့နယ်နေသူအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်ပြီး အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၆ စီး၊ သွင်းကုန် ၂၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂ ဒသမ ၂၀၀ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၉၆ သန်း) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃ ဒသမ ၃၉၆ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက စစ်ဆေးမှုများဆောင်ရွက်စဉ် ၂၂ ဘီးယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိသော Aluminium Frame ကီလိုဂရမ် ၁၀၀၀၀၊ Gypsum Celing Board ကီလိုဂရမ် ၈၀၀၀ နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၈၀၀ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေး

**နေပြည်တော် ဩဂုတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ရွှေဆေး | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | ရွှေတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးဆေးတိုက်၊ လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ | Diclofenac |
| ဘေးထွက်ဆိုးကျိုးများအနေဖြင့် ဓာတ်မတည့်ခြင်း၊ ခေါင်းမူးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ရင်ပူခြင်း၊ မျက်စိအမြင်ဝါးခြင်း၊ ဗိုက်နာခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းသွေးကြောပေါက်ခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ အသားဝါခြင်း၊ သွေးကြောတွင်းသွေးခဲခြင်းနှင့် ကျောက်ကပ်ပျက်စီးခြင်းစသည်တို့ ဖြစ်စေနိုင်ပါသည်။ | | | | | |






Diclofenac ရောနှောသည့် ဆေးထုပ်နမူနာ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်အလယ်က နှစ်ဖက်ညီချိန်ခွင်ကို နှုတ်သီးနဲ့ ကိုက်ချီထားတဲ့ ကဒေါင်းရုပ်

ဆူးငှက်

ကောဇာသက္ကရာဇ် ၁၂၉၇ခု (ခရစ် ၁၉၃၅ခု)က မန္တလေးဈေးချိုတော်ကြီး အနောက်ဘက် ၈၆လမ်း၊ ဆင်ကြီးနှစ်ကောင်အနား ဦးလေးသန့်အိမ်မှာ မနက်ပိုင်း ရောက်ရင် စုပြီးရောင်းကြဝယ်ကြတဲ့ ကုန်သည်ပွဲစား တွေက ကထိန်သင်္ကန်းကပ်လှူမှုကို နှစ်စဉ်နှစ်တိုင်း မပျက်မကွက် ဆောင်ရွက်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် ၁၂၉၇ ခုနှစ်ကစပြီး ပွဲစားကုန်သည်များ စုပေါင်းခင်းကျင်းကြတဲ့ ကထိန်တော်ကြီးဟာ ဈေးချို အနောက်ဘက်က ၈၆လမ်းပေါ်မှာ ဝုံဝုံကြွားကြွား ခင်းကျင်း လှူဒါန်းနိုင်ခြင်းဖြစ်ပါတယ်။ အဲဒီခေတ်က ဈေးချိုတော်အနောက်ဘက် ရွှေတချောင်းမြောင်းဘေး မန်ကျည်းပင်ရိပ်တွေမှာ နယ်ကုန်တွေလာပို့တဲ့ လှည်း ဝိုင်းကြီးရှိတယ်။ ဒါကြောင့်လည်း ဈေးချိုအနောက်ဘက် ၈၆လမ်းကို ပွဲစားတန်းရယ်လို့ မန္တလေးမြို့လူထုက ခေါ်ဝေါ် လာကြတယ်။

### ပွဲစားကုန်သည်များအသင်း

ဘာသာရေး၊ လူမှုရေးများ လုပ်ဆောင်ရာမှာ အသင်း အပင်းပုံစံနဲ့ကျကျနန စနစ်တကျဖွဲ့စည်းမှုတွေနဲ့အတူ မန္တလေးပွဲစားတန်းက ဦးလေးသန့်တို့ ခင်းကျင်းလာတဲ့ ကထိန်တော်က ၁၀နှစ်သက်တမ်းရှိလာပြီး ကုန်သည် ပွဲစားဦးရေ များပြားလာတာကြောင့် ၁၃၀၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ရက် (၁၂.၇.၄၅)မှာ “ပွဲစား ကုန်သည်များအသင်း” ဆိုပြီး ဖွဲ့စည်းတည်ထောင် လိုက်ပါတယ်။ အသင်းအပင်းပုံစံအရ ဖွဲ့စည်းတည် ထောင်ပြီးတာနဲ့တစ်ပြိုင်နက် စည်းမျဉ်းဥပဒေများ ရေး ဆွဲအတည်ပြုခဲ့ကြတယ်။

အသင်းရဲ့ ကနဦး ရည်ရွယ်ချက်ကတော့ “ပစ္စုပ္ပန် ဘဝတစ်ခု စားဝတ်နေမှုတို့အတွက် ပွဲစားကုန်သည် လုပ်ငန်းများကို တရားသဖြင့် လုပ်ကိုင်ကြပြီးလျှင် နောင် ဘဝများစွာ သံသရာအကျိုးစီးပွားအတွက် ရှေးကထက် ဆယ်နှစ်လောက်က ခင်းကျင်းလှူဒါန်းလာခဲ့သော ကထိန်အလှူကိုလည်း ဆက်လက် ခင်းကျင်း လှူဒါန်း သွားရန်ပင်ဖြစ်သည်” လို့ အတိအလင်း ဖွင့်ဆိုထားပါ တယ်။

### ကဒေါင်းရုပ်က ချိန်ခွင်ကို တည့်မတ်စွာ ကိုက်ချီထားတဲ့ပုံ

အမျိုးဘာသာ၊ သာသနာကို အခြေခံ၊ ဝံသာနု စိတ်ဓာတ်နဲ့သန္ဓေတည်ခဲ့ပြီး တရားသဖြင့်သော အလုပ် အကိုင်နဲ့ အမျိုးသားစီးပွားရေး တည်ဆောက်ကာ သံသရာအကျိုးကို ဆောင်ရွက်တဲ့ အသင်းကြီးမို့ အသင်း တံဆိပ်က ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်မှာ ကဒေါင်းရုပ်က ချိန်ခွင်ကို တည့်မတ်စွာ ကိုက်ချီထားတဲ့ပုံကို ရွေးချယ် ခဲ့ကြတယ်။ အသင်းစတင်ဖွဲ့စည်းကတည်းက အသင်းဝင် ပွဲစားကုန်သည်တွေဟာ အသင်းတံဆိပ်ကို ရွှေအစစ် နဲ့ ပြုလုပ်ပြီး ဂုဏ်ယူစွာ တပ်ဆင်ခဲ့ကြတယ်။ အသင်း မှာ အသင်းသားအဖြစ် ဝင်ရောက်လိုသူဟာ

(က) တိုင်းရင်းသား (သို့မဟုတ်) နိုင်ငံသား မှတ်ပုံတင် ကိုင်ဆောင်ထားသူဖြစ်ခြင်း၊
(ခ) အသက် ၁၈နှစ်ပြည့်ပြီး ဖြစ်ခြင်း၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်ခြင်း၊
(ဃ) အသင်းမှ ပြဋ္ဌာန်းသည့် အသင်းဝင်ကြေး၊ လစဉ် ကြေး၊ နှစ်စဉ်ကြေးနှင့် ကထိန်အလှူငွေတို့ကို ပေးသွင်းလှူဒါန်းသူဖြစ်ခြင်း၊
(င) အသင်းမှ အခါအားလျော်စွာ သတ်မှတ်သော ထည့်ဝင်ကြေးကို ပေးသွင်းသူဖြစ်ခြင်း

ဆိုတဲ့ သတ်မှတ်ချက်နဲ့ညီရပါမယ်။ အသင်းသား အဖြစ် ပါဝင်လိုသူဟာ အသင်းအမှုဆောင်နှစ်ဦးရဲ့ ထောက်ခံချက်နဲ့ အဆိုပြုလွှာတင်သွင်းပြီး လက်ခံ အတည်ပြုမှ အသင်းသားဖြစ်ရတာပါ။

### “ကုန်စည်ဒိုင်” အသွင် ဖွဲ့စည်းထူထောင်

အသင်းအဖြစ် စနစ်တကျဖွဲ့စည်းပြီးတဲ့အခါ နှစ်စဉ် ကထိန်တော် အလှူဟာလည်း ပိုမိုလာပါတယ်။ ပွဲစား ကုန်သည်များအသင်းရဲ့ကထိန်အလှူက နှစ်စဉ်မပျက် မကွက် ပိုမိုလှူဒါန်းလာနိုင်သလို အသင်းဖွဲ့စည်းမှု အနေ အထားကလည်း ပိုမိုစနစ်ကျလာတယ်။ ပိုမိုတိုးတက် လာတယ်။ အသင်းသားများကိုသာ ဝင်ရောက် ရောင်း ဝယ် ဖလှယ်နိုင်တဲ့ ‘ကုန်စည်ဒိုင်’ အသွင် ဖွဲ့စည်း ထူထောင်လာနိုင်ခဲ့တယ်။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှာ တော့ အသင်းကို ၈၆ လမ်း၊ မူလပွဲစားတန်းကနေ တောင် ဘက်နှစ်ပြကျော်၊ သုံးပြအတွင်းရှိ ဒေါင်းရိုးအရှေ့ထိပ်က ထုံးဘူးတန်းမှာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ထုံးဘူး တန်းက ပွဲစားဦးလေးကောင်းပိုင်တဲ့ ဝင်းကြီးထဲမှာပါ။ ဦးလေးကောင်းဝင်းထဲမှာ ဖွင့်ထားတဲ့ ပွဲစားကုန်သည် များအသင်းဟာ ၁၉၅၁ ကနေ ၁၉၅၈ အတွင်း အရောင်း အဝယ်ကောင်းတဲ့နှစ်တွေလို့ ဆိုနိုင်တယ်။

ဒါပေမယ့် ၁၉၆၂ ခုနှစ်မှာတော့ စီးပွားရေးစနစ် ပြောင်းသွားပါပြီ။ ဗဟိုဦးစီးစီမံကိန်း စီးပွားရေးစနစ် ဖြစ်သွားပါပြီ။ ကုန်စည်များကို ဗဟိုဦးစီးစနစ်နဲ့ ချုပ် ကိုင်ပြီး စီမံကိန်းနဲ့ စိုက်ပျိုးထုတ်လုပ် ရောင်းချမှုပုံစံ ဖြစ် သွားပါပြီ။ ပွဲစားကုန်သည်အသင်းဟာ အလုပ်သမား လူတန်းစားနဲ့စရိုက်အသွင်သဏ္ဌာန်နဲ့မတူတဲ့ ဓနရှင်၊ အရင်းရှင်များ အစုအဝေးလို့ အကြည့်အမြင်ခံခဲ့ရတယ်။

### သမာအာဇီဝ ရောင်းဝယ်သမှု ပြုကြ

ဘယ်လိုပဲဖြစ်ဖြစ် မန္တလေးမြို့က ပွဲစားကုန်သည်များ ဟာ အမျိုးသားဓနရှင်တွေပါ။ လက်ဝါးကြီးအုပ် ခေါင်းပုံဖြတ် ဇူဇကာများအသွင် လုံးဝမဆောင်ပါဘူး။ ရနိုင်သမျှ ဥပဒေဘောင်အတွင်းက အခွင့်အရေး၊ ခွင့်ပြု သမျှ မျိုးစေ့သီးနှံနဲ့ဒိုင်မှာတွယ်ကပ်ပြီး သမာအာဇီဝ ရောင်းဝယ်သမှုပြုကြပါတယ်။ အဲဒီအကျိုးအမြတ်နဲ့ပဲ ကထိန်တော်ကြီးကို နှစ်စဉ်ဝတ်မပျက် ကြိုးစားပမ်းစား ခင်းကျင်းခဲ့ကြတာပါ။

ကထိန်ခင်းကျင်းခဲ့တဲ့ အကြိမ် ၃၀ မြောက်မှာတော့ အသင်းကြီးရဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းပြင်ဆင်ဖို့ အနေအထားဖြစ်လာရပါတယ်။ ဒါကြောင့် ၁၃၂၆ ခု တပို့တွဲလဆန်း ၁ရက် (၂.၂.၆၅) နေ့မှာ ကျင်းပတဲ့ သင်းလုံးကျွတ်အစည်းအဝေးကြီးက မူလစည်းမျဉ်းများ စာမျက်နှာ ၁၁ (အသင်းပိုင်ပစ္စည်း)(ဂ)အရ မူလရှိရင်း ပွဲစားကုန်သည်များအသင်းကို ဖြည့်စွက် ပြောင်းလဲပြီး ပွဲစားကုန်သည်များ၏ ကထိန်တော်အသင်း အမည်နဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ခေတ်နဲ့အညီ အသင်းကြီး ရပ်တည်နိုင်ဖို့ မူလစည်းမျဉ်းဥပဒေတွေကိုလည်း ဘာသာရေးအသင်းဖြစ်တဲ့ ကထိန်တော်အသင်းနဲ့ ဆီလျော်စွာ ပြင်ဆင်ရေးဆွဲပြီး ၁၃၂၇ ခု တပေါင်းလဆန်း ၁ရက် (၂၀.၁.၆၆)နေ့မှာ ကျင်းပတဲ့ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကြီးကို တင်ပြအတည်ပြု ခဲ့ပါတယ်။

### ပွဲစားကုန်သည် စက်ပိုင်များ၏ ကထိန်တော်အသင်း

တကယ်တော့ အသင်းကြီးဟာ ပွဲစား ကုန်သည်များနဲ့ ဆက်စပ်တယ်ဆိုပေမယ့် ကောက်ပဲသီးနှံ ကုန်ကြမ်း တွေကို ကုန်ချောအဖြစ် ကြိတ်ခွဲထုတ်လုပ်တဲ့ စက်ပိုင် တွေကလည်း အသင်းဝင်ဖြစ်လာကြပါတယ်။ ဒါကြောင့် ၁၃၄၈ခု (၁၉၈၇)မှာ ပွဲစား ကုန်သည် စက်ပိုင်များ၏ ကထိန်တော်အသင်းလို့ အမည်ပြောင်းလဲခဲ့တယ်။ ဒီအမည်ကို ၁၃၅၀ ပြည့် တပေါင်းလပြည့်ကျော် ၉ ရက် (၃၀.၃.၈၉)နေ့ နှစ်ပတ်လည်အစည်းအဝေးမှာ အတည်ပြုပြီး စည်းမျဉ်းဥပဒေအချို့ကိုလည်း ဖြည့်စွက် ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။

အသင်းကြီးကို ထုံးဘူးတန်းမှာရှိစဉ် ၁၉၅၀ ပြည့်နှစ် ကျော်ကာလများမှာ ဥက္ကဋ္ဌ ဦးလေးကောင်း ဦးဆောင်ခဲ့ ပါတယ်။ သူ့နောက် ဦးဆောင်ခဲ့တဲ့ဥက္ကဋ္ဌကတော့ ဗမာသစ် ဦးလှမောင်ပါ။ ဗမာသစ် ပဲခွဲစက်ပိုင်ရှင်ပေါ့။ ၁၉၈၆ ခုနှစ်မှာတော့ အရီးတောင်း ဦးကျော်သိန်းက ဥက္ကဋ္ဌအဖြစ် အရွေးချယ်ခံရပါတယ်။ အသင်းအမှု ဆောင်များ ရွေးချယ်မှုနဲ့ပတ်သက်ပြီး အသင်းသား များက ဥက္ကဋ္ဌတစ်ဦးကို မဲစနစ်နဲ့ ဦးစွာရွေးချယ်ရပါ တယ်။ ဥက္ကဋ္ဌကမှ အမှုဆောင်အဖွဲ့ကို ရွေးချယ်တာဝန် ပေးအပ်တာပါ။ အရီးတောင်း ဦးကျော်သိန်း ဥက္ကဋ္ဌဖြစ် တဲ့နှစ်မှာပဲ ၈၆ လမ်း၊ ၃၂ လမ်းနဲ့ ၃၃ လမ်းကြားအသင်း ပိုင်မြေနဲ့အဆောက်အအုံကို သမဝါယမဝန်ကြီးဌာန ဆီက ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် အသင်း ရုံးနဲ့ ကုန်စည်ဒိုင်ကို ဒီနေရာမှာပဲ ဒီကနေ့ အသင်းဥက္ကဋ္ဌ ဦးသက်တင် ဦးဆောင်သော အမှုဆောင်အဖွဲ့ လက် ထက်အထိ အတည်တကျ ဖွင့်လှစ်နိုင်ခဲ့တာပါပဲ။

### ကိုယ်ကျိုးစီးပွားကို နှမ်းတစ်စေ့ သဲတစ်ပွင့်မျှ မကျူးမလွန်မပြစ်မမှား

အသင်းရဲ့ အလုပ်အမှုဆောင်အဖွဲ့ အမှုဆောင် အဖွဲ့များဟာ ရှေ့မီနောက်မီများလည်းဖြစ်၊ လုပ်ဖော် ကိုင်ဖက်များလည်းဖြစ်ကြတဲ့အပြင် ကိုယ်ကျိုးစီးပွားကို နှမ်းတစ်စေ့ သဲတစ်ပွင့်မျှ မကျူးမလွန် မပြစ်မမှား လုပ်ကိုင်ခဲ့တဲ့ ဂုဏ်ပုဒ်များနဲ့ ထင်ရှားခဲ့ကြတယ်။ ထူးခြား တာကတော့ အသင်းသား လေးပုံသုံးပုံရဲ့ ဆန္ဒနဲ့သာ အသင်းကို ဖျက်သိမ်းနိုင်ပြီး အကယ်၍ အကြောင်း အမျိုးမျိုးကြောင့် ဖျက်သိမ်းလျှင်လည်း ပေးဆပ်ရန် အကြွေးများကိုပေးဆပ်ကာ ကျန်အသင်းပိုင် အဆောက်အအုံ မြေယာပစ္စည်း၊ ငွေကြေးများအားလုံး မန္တလေးစည်ပင်သာယာရေး နယ်နိမိတ်အတွင်း ရှိ ဗုဒ္ဓဘာသာ သာသနာရေး၊ ဘာသာရေးနေရာဌာန များသို့ ခွဲဝေလှူဒါန်းရမှာ ဖြစ်ပါတယ်။ အကယ်၍ အသင်းပိုင်ပစ္စည်းငွေကြေးက ပေးရန်ရှိကြွေးထက် နည်းနေလျှင် လိုငွေကို အသင်းသားအားလုံးက ညီမျှစွာ ကျခံရမှာဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။

### အတုယူသင့်ဆုံး မြင့်မြတ်တဲ့ ဂုဏ်ပုဒ်

မလွန်ဈေးဆန်လှူအသင်းကြီး၊ ပရိယတ္တိသာသနာ့ ဟိတအသင်းကြီးများနှင့် အတူ ပွဲစားကုန်သည်စက်ပိုင် များ၏ ကထိန်တော်အသင်းကြီးတို့ဟာ သက်တော်ရှည် အသင်းကြီးများပီပီ ထူးခြားမှုအရှိဆုံးဂုဏ်ပုဒ်မှာ ဦးဆောင်သူ လူကြီးများရဲ့ ကိုယ်ကျိုးစီးပွားကြောင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ဖူးခြင်း လုံးဝမရှိခဲ့ ပါ။ ဒီဂုဏ်ပုဒ်မှာ အတုယူသင့်ဆုံး မြင့်မြတ်တဲ့ ဂုဏ် ပုဒ်ပါ။

ပွဲစားကုန်သည် စက်ပိုင်များ၏ ကထိန်တော်အသင်း ကြီးမှာ ကမ္ပည်းတင်အပ်သော ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ် အလယ်က နှစ်ဖက်ညီချိန်ခွင်ကို နှုတ်သီးနဲ့ ကိုက်ချီထား တဲ့ ကဒေါင်းရုပ်ပါ။ အသင်းတံဆိပ်ကြီးကလည်း ယခု သက်တမ်း ၈၄ နှစ်သာမက ဗုဒ္ဓသာသနာတော် ထွန်းပ နေသရွေ့ တည်ရှိခိုင်မာနေဦးမှာ မလွဲဧကန် သေချာ လှပါတယ်။



## ကယားပြည်နယ် ဝန်ကြီးချုပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဩဂုတ် ၄**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မယ်စဲ့မြို့နယ် ဟိုဖကျေးရွာရှိ အိမ်ခြေ ၁၇ အိမ်၊ စာသင်ကျောင်းတစ်ကျောင်း၊ လူဦးရေ ၁၀၀ ခန့်ကို အကျိုးပြုမည့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်၊ ရေတားတမံ၊ ရေပိုက်လိုင်း (၂/၀) မိုင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ထူးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက (ဟိုစဲ့) တွင် နေမင်းစံကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် Steel Structure တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမက(ခွဲ) ဟိုစဲ့မြို့သစ်၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့-ဟိုစဲ့လမ်းပေါ်ရှိ ဟွေနလူးချောင်း ပေ ၆၀ သံကူကွန်ကရစ် ရေကျော်တံတားတစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**



## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သုတေသနလုပ်ငန်းများ အစည်းအဝေး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်



**ရွှေဘို ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၃ ရက် နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး အစည်းအဝေး ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး သုတေသနလုပ်ငန်းများဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မာချိုက သုတေသနပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေါက်တာခင်မာချို ဦးဆောင်သည့် Mekong Economics/Myanmar Research Team သည် သက်ဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များ၊ အသက်မွေးပညာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများထံမှ လိုအပ်ချက်များ၊ အကြံပြုသုံးသပ်ချက်များကို ရရှိရန် မျှော်လင့်၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့ လိပ်ချင်းကျေးရွာအနီး ရေ့ပြေးအဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းစီမံကိန်းတွင် လယ်ယာမြေများ ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ အချိန်ကုန်၊ ငွေကုန်သက်သာအောင် စိုက်ပျိုးရေးနည်းစနစ်များကို မှန်ကန်စွာအသုံးချပြီး သီးနှံအထွက်နှုန်း ကောင်းမွန်စေရေး၊ ဈေးကွက်ကောင်းများရရှိစေရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ယခင်ရန်ကုန်တိုင်းဒေသကြီးစုပေါင်းရုံးအား မြို့ပြအမွေအနှစ်အထိမ်းအမှတ် ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် ဩဂုတ် ၄**

ယခုအခါ Rosewood Yangon ဟိုတယ်အဖြစ် ပြန်လည်ပြုပြင်ထားသည့် ယခင်ကရန်ကုန်တိုင်းဒေသကြီးစုပေါင်းရုံးအား အဆိုပါရုံးတည်ရှိသည့် ကျောက်တံတားမြို့နယ် ဘဏ်လမ်းတွင် ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့ပြသည် သမိုင်းအစဉ်အလာတစ်ခုရှိခဲ့ကြောင်း၊ အဆောက်အအုံများသည် မြို့ပြအမွေအနှစ်ကို ဖော်ပြနေကြောင်း၊ နောင်မျိုးဆက်များကို လက်ဆင့်ကမ်းနိုင်ရန် အထင်ကရအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်နေတာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကြီးအား မြို့ပြအမွေအနှစ်များနှင့် စိမ်းလန်းစိုပြည်ပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်ရန် ရည်မှန်းချက်ထားကြိုးစားခဲ့ကြောင်း၊ ယင်းရည်မှန်းချက်ထဲမှ မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးသည် အရေးကြီးသည့် နံပါတ်တစ်ရည်မှန်းချက်ဖြစ်ကြောင်း၊ မြို့ပြအမွေအနှစ်ထိန်းသိမ်းရခြင်းမှာ သမိုင်းကြောင်းကိုသိရန်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အပြာရောင်ကမ္ပည်းပြားတပ်ဆင်သည့်အဆောက်အအုံမှာ ၁၈၆၈ ခုနှစ်က ခရိုင်တရားရုံးများနှင့် အစိုးရရုံးများတည်ရှိခဲ့ပြီး ၁၉၂၇ ခုနှစ် မှ ၁၉၃၁ ခုနှစ်အတွင်း တရားရုံးသစ်အဖြစ် တည်ဆောက်ခဲ့ကြောင်း၊ ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်အဖြစ်အသုံးပြုခဲ့ကြောင်း၊ ယင်းနောက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားရုံးချုပ်အပါအဝင် အစိုးရရုံးများအဖြစ် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအဖြစ် လူသိများခဲ့ကြောင်း သိရသည်။

"အမွေအနှစ်တွေကို ကာကွယ်ခြင်းဟာ ဒေသခံပြည်သူတွေကိုလည်း အကျိုးရှိစေပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်ဖို့နဲ့ ကမ္ဘာ့ထိပ်တန်းလည်ပတ်စရာတစ်ခုဖြစ်လာဖို့အတွက် ဘဏ်လမ်းနဲ့ ပန်းဆိုးတန်းအောက်ဆုံးဘလောက်ပါဝင်တဲ့ ဧရိယာတစ်ခုလုံးကို ပြန်လည်စဉ်းစား ချင့်ချိန်ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေဆောင်ရွက်ဖို့ ရန်ကုန်မြို့ပြအမွေအနှစ်က တိုက်တွန်းလျက်ရှိပါတယ်" ဟု ဒေါက်တာသန့်မြင့်ဦးကပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် အဆိုပါအဆောက်အအုံအပါအဝင် ရန်ကုန်မြို့ရှိ အထင်ကရအမွေအနှစ်အဆောက်အအုံများတွင် လုပ်ငန်းလုပ်ကိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် Prime Residence အကြား ငှားရမ်းသဘောတူစာချုပ်ချုပ်ဆိုခဲ့ကာ Rosewood Yangon ဟိုတယ်အဖြစ် ဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုများဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ဒီအဆောက်အအုံကြီးရဲ့ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ပြီးဖြစ်တဲ့ ပြောင်မြောက်တဲ့ သမိုင်းဝင်ဗိသုကာလက်ရာတွေကို ရှေးမူမပျက် ခေတ်နဲ့လည်းလျော်ညီစေဖို့ ထိန်းသိမ်းပြုပြင်ထားပါတယ်၊ ဟိုတယ် Opening တွေက လောလောဆယ်တော့ Solf Opening တွေပြီးသွားပြီ၊ အဲဒီမှာ ဘာတွေပါလဲဆိုရင် စားသောက်ဆိုင်တွေနဲ့ ဥရောပကစားသောက်ဆိုင်လည်း ဖွင့်ထားပြီ၊ ကော်ဖီတို့ ကိတ်မုန့်တို့ စားလို့ရမယ့်နေရာလေးတွေလည်း ဖွင့်ပြီးပြီ၊ ပြီးရင် Grand Bloom ကလည်း စပြီး Run နေပြီ၊ ပွဲတွေပါငှားလို့ရနေပါပြီ၊ အခန်းတွေအတွက်က အောက်တိုဘာလလောက်မှာ ဖွင့်ဖို့ရှိတယ်" ဟု Rosewood Yangon ၏ Managing Director Mr. ED Brea က ပြောကြားသည်။

အဆိုပါအဆောက်အအုံကို ပြန်လည်ပြုပြင်ရာတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ကုန်ကျပြီး အခန်းပေါင်း ၂၀၅ ခန်းပါရှိကြောင်း၊ ဟိုတယ်ပတ်လည်တွင် ပြည်တွင်းပန်းချီဆရာများ၏ လက်ရာမြောက်သည့် ပန်းချီကားများကို ချိတ်ဆွဲထားကြောင်း သိရသည်။

ယင်းအဆောက်အအုံသည် ရန်ကုန်မြို့ပြအမွေအနှစ်အဖွဲ့က ရန်ကုန်မြို့၏ နေရာပေါင်း ၃၀ တွင် အပြာရောင်ကမ္ပည်းပြားများတပ်ဆင်ခဲ့ရာ ယင်းမှာ ၃၁ ခုမြောက်အဖြစ် ကမ္ပည်းပြားတပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။



**သတင်း-မြင့်မောင်**
**ဓာတ်ပုံ-ဇာနည်မောင်**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းယူနိုက်တက်ဘောလုံးအသင်းအား ဂုဏ်ပြု

**ဟားခါး ဩဂုတ် ၄**

MPT Myanmar National League II 2019 ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိခဲ့သည့် ချင်းပြည်နယ်ကိုယ်စားပြု CHIN UNITED FOOTBALL CLUB အား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုပွဲကို ဩဂုတ် ၃ ရက် ညနေ ၆ နာရီက ဟားခါးမြို့ ခိုင်ကမ်းအားကစားခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က Myanmar National League II 2019 ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးကြသော CHIN UNITED FOOTBALL CLUB အသင်းပိုင်ရှင် ဒေါ်တင့်တင့်လွင်နှင့် အသင်းတာဝန်ရှိသူများ၊ အားကစားသမားများအားလုံးကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ် ပြည်သူလူထုကိုယ်စား အထူးပင်ဝမ်းသာဂုဏ်ယူပါကြောင်း၊ ဘောလုံးအားကစားနည်းသည် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးအားကစားဖြစ်သလို မြန်မာနိုင်ငံတွင်လည်း အမျိုးသားအားကစားနည်းအဖြစ် ပြည်သူလူထုစိတ်ဝင်စားမှုအရှိဆုံး အားကစားနည်းဖြစ်ကြောင်း၊ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာမျက်နှာစာမှာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့် ပုံရိပ်လွှာအဖြစ် ထင်ဟပ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အသင်းပိုင်ရှင် ဒေါ်တင့်တင့်လွင်က အသင်းဖွဲ့စည်းတည်ထောင်ပြီး ပြိုင်ပွဲဝင်ရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်ထံ ဆုဖလားအပ်နှံခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဩဂုတ် ၃ ရက် ညနေ ၄ နာရီခွဲက ပဲခူးမြို့အတွင်း တည်ဆောက်လုပ်ကိုင်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ စည်းကမ်းတကျ စနစ်တကျဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ရှေးဟောင်းကျုံး၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးတူးဖော်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုရာ Asia Peacock Hantharwadi ကုမ္ပဏီလီမိတက်တာဝန်ရှိသူ ဦးဇာနည်လှိုင်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တူးဖော်မှုကြောင့် မြေစာများပို့နေသည့် ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်အောင် အမြန်ဆုံးတူးဖော်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးဆေးရုံရှေ့လမ်းနှင့် ဆေးရုံတောင်ဘက်ဘေးလမ်းတို့ကို သွားရောက်ကြည့်ရှုပြီး ဆောက်လုပ်ထားသော အဆောက်အအုံများ၊ ဆိုင်ခန်းများ၊ စနစ်တကျရှိစေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျ သန့်ရှင်းသာယာလှပစေရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# IBEC ဗုဒ္ဓဘာသာပညာရေးစင်တာတွင် ပဲလှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**မန္တလေး ဩဂုတ် ၄**
စတေဘ့ဟုမ်းငြိမ်းချမ်းရေးဆုရ IBEC ပဓာန နာယကချုပ်ဆရာတော် ဒေါက်တာအရှင်သောဘိတဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာကျောင်းတိုက်တွင် နှစ်စဉ်နှစ်တိုင်း ပြုလုပ်လျက်ရှိသော ပဲလှူဒါန်းခြင်း အလှူတော်အခမ်းအနားကို ဩဂုတ် ၃ ရက်မှစတင်ကာ ပြုလုပ်လျက်ရှိသည်။

အဆိုပါ ပဲလှူဒါန်းပွဲအခမ်းအနားကို IBEC ဆရာတော်၏ဦးဆောင်မှု ဒါယကာ ဒါယိကာမများ၏ မတည်လှူဒါန်းမှုတို့ဖြင့် ၂၀၁၄ ခုနှစ်က စတင်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တစ်ပါးလျှင် နှစ်ပြည်နှုန်းဖြင့် လှူဒါန်းခဲ့သည်မှာ ယခုဆိုလျှင် ဆဋ္ဌမအကြိမ်ရောက်ရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုးနှင့် မင်းကွန်းဒေသအတွင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်တို့အား တစ်ပါးလျှင် နှစ်ပြည်နှုန်းဖြင့် လှူဒါန်းခြင်းဖြစ်ကာ ဩဂုတ် ၃ ရက် ပထမနေ့အဖြစ် IBECကျောင်းတွင်း သံဃာတော်အပါး ၅၀၀ ကျော်တို့ကို စတင်လောင်းလှူခဲ့ပြီး ဩဂုတ် ၄ ရက် ပဲအလှူတော် ဒုတိယနေ့တွင်လည်း စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုးရှိ ကျောင်းပေါင်း ၆၅၈ ကျောင်းမှ သုဓမ္မာဂိုဏ်းဝင် သံဃာတော် ၆၈၁၇ ပါးတို့အား ပဲလောင်းလှူခဲ့ကြောင်း သိရသည်။

ဩဂုတ် ၅ ရက်တွင် ရွှေကျင်ဂိုဏ်းဝင်သံဃာတော်တို့အား ပဲလောင်းလှူခြင်း၊ ဩဂုတ် ၆ ရက်တွင် သီလရှင်ဆရာကြီးများအား ပဲလောင်းလှူခြင်းနှင့် ဩဂုတ် ၇ ရက်တွင် မင်းကွန်းဒေသရှိ သံဃာတော်များနှင့်သီလရှင်ဆရာကြီးများအား ပဲလောင်းလှူခြင်းတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# စာရေးဆရာမကြီး လေးဦးတို့က စာရေးခြင်းအနုပညာ ဖြန့်ဝေ



**ရန်ကုန် ဩဂုတ် ၄**
စာရေးဆရာမကြီးများဖြစ်ကြသည့် ဆရာမ ရွှေကူမေနှင်း၊ ဆရာမမမိုးမြေ၊ ဆရာမမစန္ဒာနှင့် ဆရာမကြူကြူသင်းတို့က ကောင်းကင်မေ စာပေတိုက်၏ အမှတ်တရအဖြစ် စာရေးခြင်းအနုပညာဖြန့်ဝေခြင်းအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်း၌ ကျင်းပသည်။

စာရေးဆရာမကြီး မမိုးမြေက "ရသစာပေ ဖန်တီးတဲ့နေရာမှာ စာရေးဆရာအပိုင်းက အနုပညာမြောက်အောင် ဖန်တီးရပါတယ်။ ဆရာဇော်ဇော်အောင်ရဲ့စကားအရဆိုရင် ဝတ္ထုဆိုတာ ရသတွေနဲ့ ပြည့်လျှံနေတဲ့စာပေဖြစ်ပါတယ်။ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ၊ နောက်ခံစကားပြောရေးဟန်တွေရှိပါတယ်။ ရသစာပေမှာ အဓိကအချက်က ခံစားမှုပါ။ ခံစားမှုကိုအခြေခံပြီးတော့မှ စေတနာတို့၊ ရည်ရွယ်ချက်တို့ ဖြစ်ပေါ်လာပါတယ်။ စာရေးတယ်ဆိုတာ ဘဝထဲကအတွေ့အကြုံတွေရပါတယ်။ အဲဒီအတွေ့အကြုံပေါ်မှာ ခံစားမှုနဲ့ ခံစားကြည့်တယ်။ ခံစားမှုအပေါ်မှာ အတွေးအမြင်လေးတွေရလာတယ်။ အဲဒီအတွေးအမြင်ကို စာဖတ်သူဆီရောက်အောင်လို့ဝတ္ထုအဖြစ် ဖန်တီးကြခြင်းဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ဝတ္ထုတစ်ပုဒ်ကိုဖန်တီးရာတွင် ဦးစွာပထမ ရည်ရွယ်ချက်ရှိရမည်ဖြစ်ကြောင်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ၊ နောက်ခံများကိုဖန်တီးယူရကြောင်း၊ ဖန်တီးရာတွင် ကျိုးကြောင်းဆက်စပ်မှုရှိရမည်ဖြစ်ကြောင်း၊ ဇာတ်ကွက်ဇာတ်လမ်းများကို အကျိုးသင့် အကြောင်းသင့် ချိတ်ဆက်ထားရမည်ဖြစ်ကြောင်း၊ ဝတ္ထုတွင် ဇာတ်ပျိုးပိုင်း( နိဒါန်း)၊ ဇာတ်တက်ပိုင်း၊ ဇာတ်ထုပ်ပိုင်း၊ ဇာတ်ဆင်းပိုင်း၊ ဇာတ်သိမ်းပိုင်းဟူ၍ရှိကြောင်း၊ ဇာတ်တက်ပိုင်းတွင် အားပြိုင်မှုသည် အဓိကဖြစ်ကြောင်း၊ ဇာတ်ကောင်စရိုက်ကိုဖန်တီးရာတွင် ပြောစကားများကိုအခြေခံကြောင်း၊ လယ်သမားဆိုလျှင် လယ်သမား၊ ဆရာဝန်ဆိုလျှင် ဆရာဝန်စကားတို့ဖြင့် ဖွဲ့ဆိုရေးသားရကြောင်း၊ စာရေးဆရာ၏ ကိုယ်ပိုင်စကားလုံးများဖြင့် တင်ပြမှုအနေအထားသည် ဆွဲဆောင်မှုမရှိကြောင်း၊ ဝတ္ထု၏သဘောသည် ဒိဋ္ဌလောက သဘာဝနှင့် စာရေးဆရာတို့ စိတ်ကူးဉာဏ်ပုံဖော်မှုနှင့် ပေါင်းစပ်ထားကြောင်း ဆရာမကြီးက ဝတ္ထုစာပေနှင့်ပတ်သက်၍ ဆက်လက်ပြောကြားသည်။

အလားတူ ဆရာမကြီးရွှေကူမေနှင်းကလည်း အနုပညာစာပေ၊ ယဉ်ကျေးမှုစာပေတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆရာမမစန္ဒာ၊ ဆရာမကြူကြူသင်းတို့ကလည်း စာပေဘဝဖြတ်သန်းမှုများ အတွေ့အကြုံများနှင့်စပ်လျဉ်း၍လည်းကောင်း မျှဝေပေးခဲ့ကြသည်။

**မြင့်မောင်စိုး**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၄**
နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဟိန်းသစ္စာ၊ မြတ်၊ နှင်း၊ Star Crown မူကြိုကျောင်းများက ဦးစီးကျင်းပသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် မိဘ၊ ဆရာ ပူးပေါင်းပါဝင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီခွဲက အောင်ဆန်းခန်းမ၌ ကျင်းပသည်။

မူကြိုကျောင်းများ၏ (ကိုယ်စား) မြတ်မူကြိုကျောင်းအုပ်ဆရာမ ဒေါ်စန်းသူဇာဝင်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီးနောက် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်၊ နေပြည်တော် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောင်ရေးတပ်ဖွဲ့စုမှူး ဒုရဲမှူးသူဇာလွင်၊ စာရေးဆရာမ သက်သက်နွယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမဒေါ်နော်ရှဲစေးတို့က ကလေးသူငယ်နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ သက်ငယ်မုဒိမ်းမှုတားဆီးကာကွယ်ရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ မိဘများပညာပေးရေး၊ ကလေးများကျန်းမာရေးနှင့်ပတ်သက်သည့် အချက်အလက်များကို ပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

**တင်စိုးလွင် (ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## ကျောင်းကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ဒေးဒရဲ**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကုလားကုန်းတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနမှ ဒေါ်စမ်းစမ်းဝင်း (L.H.V)က သွေးလွန်တုပ်ကွေး (H1N1) ရောဂါ၊ ဆင်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆရာဦးဌေးလွင် (PHS1) က မူးယစ်ဆေးဝါးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်း၊ နော်အယ်လားဘွဲ (သားဖွားဆရာမ) က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူ ၄၉၈ ဦးတို့အား ကျန်းမာရေးစစ်ဆေး၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းမှုအတွက် ချေးငွေထုတ်ချေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သာယာကုန်းကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းများလုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ချေးငွေထုတ်ချေးခြင်းကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

သန်လျင်မြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်နွဲ့နှင့် တာဝန်ရှိသူများက ချေးငွေအောင်သူ ၁၈၈ ဦးတို့အား စုစုပေါင်းငွေကျပ် ၄၅၆၇၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## သစ်ပင်စိုက်ဧက ၂၀ အောင်မြင်ရှင်သန်ရေးကြည့်ရှု

**မြို့သစ်**
မကွေးခရိုင် မြို့သစ်မြို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မြေပြင်သာကျေးရွာတွင် စိုက်ပျိုးထားသည့် (၂/၂၀၁၉)အခြားစိုက်ခင်းဧက ၂၀ အား ဖြစ်ထွန်းရှင်သန်ရေး ထိန်းသိမ်းစောင့်ရှောက်နေမှုကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းနှင့် တာဝန်ရှိသူများအား မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက အောင်မြင်ရှင်သန်ရေး ပြုစုထိန်းသိမ်းဆောင်ရွက်မှုအခြေအနေနှင့် စိုက်ပျိုးထားရှိသည့်အပင်အမျိုးအစားအလိုက် လက်တွေ့တိုင်းတာပြသရှင်းလင်းသည်။

ယင်းစိုက်ခင်းတွင် ရှားပင် ၁၄၅၂၀၊ ထောက်ကြံ့ ၅၄၄၅ ပင်၊ ကျွန်းပင် ၂၄၂၀ နှင့် လျှော်ဖြူ ၁၂၁၀ ပင် စိုက်ပျိုးထားရာ အောင်မြင်ရှင်သန်လျက်ရှိကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

## မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မြောင်းမြ ဩဂုတ် ၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စကမြားကျေးရွာ အထက ကျောင်း၌ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက မှူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းဌေးက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သောမှုခင်းများ၊ လူမှုကွန်ရက် facebook နှင့် ဆက်နွယ်သောမှုခင်းများအကြောင်းနှင့် စကမြားရဲကင်းမှူး ဒုရဲအုပ်ပိုင်မင်းသူက လူကုန်ကူးမှုနှင့်ပတ်သက်သောမှုခင်းများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ရေးအတွက် ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့သည်။ **အောင်မင်း (မြောင်းမြ)**



# ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးရေပေးဝေနိုင်ရေး ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေး



**ပွင့်ဖြူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများ သီးနှံများစိုက်ပျိုးရာတွင် တောင်သူများအားလုံး စိုက်ပျိုးရေ မျှတစွာပေးဝေသွားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်းနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူအချင်းချင်း ပူးပေါင်းကူညီ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းတို့က မြို့နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးရေပြတ်လပ်မှုများမရှိစေရန် ဆည်ရေပေးဝေနေမှုစနစ်အား မျှတစွာ ဖြန့်ဝေသွားနိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းက ဈေးကွက်ဝင်ပြီး သက်တမ်းတိုသောသီးနှံများကို အစားထိုးပြောင်းလဲစိုက်ပျိုးကြရန်နှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံး စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများ၏ တင်ပြချက်များကိုတိုင်းသေကြီး ဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# လယ်ယာထွက်ကုန်သီးနှံ နံနံစေ့များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နှစ်စဉ်ပုံမှန်ဝယ်ယူ

**မန္တလေး ဩဂုတ် ၄**

မြန်မာတောင်သူများအတွက် စိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်သက်သာသည့်အပြင် ရောင်းချရာတွင်လည်း အရှုံးမရှိသည့် လယ်ယာထွက်ကုန်သီးနှံ နံနံစေ့များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းအဖြစ် အသုံးပြုရန် နှစ်စဉ် မန္တလေးဈေးကွက်မှ ပုံမှန်ဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။



### ဆောင်းသီးနှံအဖြစ် စိုက်ပျိုး

အဆိုပါနံနံစေ့များကို မြန်မာနိုင်ငံအလယ်ပိုင်း ရွှေဘို၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်းနှင့် ဝက်လက်မြို့နယ်တို့တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး နှစ်စဉ် ဇန်နဝါရီလကုန်ပိုင်းတွင် ပုံမှန်ထွက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြပြီး ပြည်တွင်း၌ ဟင်းခတ်အမွှေးအကြိုင်အဖြစ် မဆလာပြုလုပ်ရာတွင် ၈၀ ရာခိုင်နှုန်းခန့် အသုံးပြုကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“မြန်မာပြည်ကထွက်တဲ့ နံနံစေ့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက နှစ်စဉ်ဝယ်ယူမှုတွေရှိပေမယ့် ဒီနှစ်မှာတော့ သင်္ကြန်မတိုင်ခင်က ရပ်နားထားခဲ့ပြီး အခုရက်ပိုင်းကျမှ ပြန်လည်ဝယ်ယူမှုတွေရှိလာတယ်။ မြန်မာတောင်သူတွေအဖို့တော့ စိုက်ပျိုးရာမှာလည်း လွယ်ကူပြီး စိုက်စရိတ်ကလည်းသက်သာတဲ့အပြင် ရောင်းချတဲ့အခါမှာလည်း အစေ့ထွက်တဲ့အထိစောင့်စရာမလိုဘဲ နံနံပင်ပေါက်ကိုပါ အချိန်တိုအတွင်း ရောင်းချနိုင်တဲ့အတွက် ငွေဖြစ်မြန်တဲ့ သီးနှံဖြစ်တဲ့အပြင် သိုလှောင်ရာမှာလည်း ပိုးလုံးဝမကျတဲ့အတွက် ကြိုက်ဈေးမရရင် သုံးလေးနှစ်လောက်အထိ လှောင်ထားပြီး ရောင်းချနိုင်လို့ အရှုံးမရှိတဲ့ သီးနှံဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်၌ ယခုနှစ်တွင် ထွက်ရှိလာသည့် နံနံစေ့အသစ်များကို ရှစ်ပိဿာဝင် တစ်တင်းလျှင် ကျပ် ၁၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နံနံစေ့အဟောင်းကို ငွေကျပ် ၁၂၅၀၀ ဈေးဖြင့်လည်းကောင်း ဝယ်ယူမှုများရှိနေပြီး အဆိုပါ နံနံစေ့များကို လွန်ခဲ့သောငါးနှစ်ခန့်က အိန္ဒိယနိုင်ငံမှပါ ဝယ်ယူလာသဖြင့် ၎င်းအချိန်က ဝယ်လက်ဆုံမှုကြောင့် ရှစ်ပိဿာဝင် တစ်တင်းလျှင် ငွေကျပ် ၂၄၀၀၀ နှုန်းအထိ ရောက်ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

### ယမန်နှစ်ထက် အနည်းငယ် ပိုမိုရရှိနေ

ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နံနံစေ့ကို ပုံမှန်အတိုင်း ဝယ်လိုအားရှိနေသော်လည်း ပေါက်ဈေးမှာ ယမန်နှစ်ထက် အနည်းငယ် ပိုမိုရရှိနေကြောင်းနှင့် နံနံစေ့အပြင် စမုံနက်နှင့် စမုံစပါးတို့ကိုလည်းအဆိုပါနိုင်ငံမှ ဝယ်ယူလျက်ရှိရာ လက်ရှိတွင် စမုံနက် တစ်ပိဿာလျှင် ကျပ် ၃၂၀၀ နှုန်းဖြင့်လည်းကောင်း၊ စမုံစပါး တစ်ပိဿာလျှင် ကျပ် ၂၄၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## အားကစား

# မန်စီးတီးအသင်း ကွန်မြူနတီဒိုင်း ခြောက်ကြိမ်မြောက်ဆွတ်ခူး လီဗာပူးအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရ

လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ကွန်မြူနတီဒိုင်းပွဲစဉ်အဖြစ် ယနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက လီဗာပူးအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့်အနိုင်ရရှိပြီး ကွန်မြူနတီဒိုင်းကို ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အဆိုပါပွဲစဉ်မှာ လီဗာပူးအသင်းဟာ အိုရီဂီ၊ ဖာဘင်ဟို၊ ဖာမီနို၊ ဆာလာ၊ ဝစ်နယ်ဒမ်၊ ဗန်ဒိုက်၊ ဂိုမက်ဇ်၊ အာနိုး၊ ရောဘတ်ဆင်တို့ကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့ပြီး မန်စီးတီးအသင်းကတော့ ဒေးဗစ်ဆေးလ်ဗား၊ စတာလင်၊ ဆာနေး၊ ရိုဒရီ၊ ဒီဘရိုင်း၊ ဘာနာဒို ဆေးလ်ဗား၊ ဇင်ချန်ကို၊ အော့တမန်ဒီ၊ ဂွါန်စတုန်း၊ ဝေါကာ စတဲ့ကစားသမားတွေကို နည်းပြ ဂွာဒီယိုလာက လီဗာပူးအသင်းနည်းတူ ၄-၃-၃ မဟာဗျူဟာကို အသုံးပြုလာခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ရေးအတွက် လူစုံထုတ်ကစားလာခဲ့ရာမှာ မန်စီးတီးအသင်းက ပွဲကစားချိန် ၁၂ မိနစ်မှာ စတာလင်ရဲ့သွင်းဂိုးနဲ့ အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး ပထမပိုင်း ပွဲချိန်ပြီးတဲ့အချိန်အထိ မန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းကလည်း လူစားလဲမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် လူစားဝင်ကစားသမား ဂျိုးမာတစ်က ပွဲကစားချိန် ၇၈ မိနစ်မှာ လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။



အဲဒါကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးချိန်အထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာမှာတော့ မန်စီးတီးအသင်းက ပင်နယ်တီသွင်းဂိုး ငါးဂိုးစလုံးသွင်းယူနိုင်ခဲ့ပြီး လီဗာပူးအသင်းကတော့ ဝစ်နယ်ဒမ်ရဲ့ ပင်နယ်တီသွင်းဂိုးဟာ ဂိုးမရရှိခဲ့တာမို့ မန်စီးတီးအသင်းက ခြောက်ဂိုး-ငါးဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းကို အများဆုံးဆွတ်ခူးသောအသင်းမှာ မန်ယူဖြစ်ပြီး ၂၁ ကြိမ်ဆွတ်ခူးကာ အာဆင်နယ်အသင်းက ၁၅ ကြိမ် ဆွတ်ခူးထားပါတယ်။

**ငွေကြယ် - ရေးသားသည်**



# ကွင်းလယ်ကစားသမားဘန်နာဆာကို အေစီမီလန်အသင်း ခေါ်ယူ

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းဟာ အမ်ပိုလီအသင်းမှ အယ်လ်ဂျီးရီးယားကွင်းလယ်ကစားသမား ဘန်နာဆာကို ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရ ကွင်းလယ်ကစားသမား ဘန်နာဆာအား ပြောင်းရွှေ့ကြေးပေါင် ၁၄ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တယ်လို့ဆိုပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်လူ ဘန်နာဆာဟာ စီးရီးအေကလပ် အေစီမီလန်အသင်းနဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ဘန်နာဆာဟာ နွေရာသီကာလအတွင်းက ကျင်းပခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ အယ်လ်ဂျီးရီးယားအသင်းကို ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဒ့ါအပြင် အယ်လ်ဂျီးရီးယားအသင်းနဲ့အတူ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တာမို့ ပြိုင်ပွဲရဲ့အကောင်းဆုံးကစားသမားအဖြစ်လည်း သတ်မှတ်ခံခဲ့ရတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဘန်နာဆာဟာ အမ်ပိုလီအသင်းမှာ မကစားမီက ၂၀၁၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အာဆင်နယ်အသင်းမှာ ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။




## မြန်မာရွှေ့ပြောင်းကလေးများ ကာကွယ်စောင့်ရှောက်ပေးရေး မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိများ အစည်းအဝေးကျင်းပ

**မဲဆောက် ဩဂုတ် ၄**
မြန်မာရွှေ့ပြောင်းကလေးများကာကွယ်စောင့်ရှောက်ပေးရေး မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိများ ပထမအကြိမ် အစည်းအဝေးကို ထိုင်းနိုင်ငံ မဲဆောက်မြို့ Centra Hotel အစည်းအဝေးခန်းမတွင် ဩဂုတ် ၁ ရက်မှ ၂ ရက်ထိ ကျင်းပသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့ပါဝင်သော ဌာနဆိုင်ရာအဖွဲ့ဝင် ၂၆ ဦးနှင့် ထိုင်းနိုင်ငံမှ Social Development And Human Security ministry ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.AnukulReedkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့က ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ ထိုင်းနိုင်ငံတွင်မွေးဖွားသည့်ကလေးကို မဲဆောက်ဆေးရုံက မွေးစာရင်းထောက်ခံချက်ပေးခြင်း၊ ထိုင်းနိုင်ငံစည်ပင်သာယာရုံးမှ မွေးစာရင်းလက်မှတ်ထုတ်ပေးခြင်း၊ မြန်မာနိုင်ငံဥပဒေအရ မြန်မာသံရုံးမှာ မှတ်ပုံတင်ပြီးမှ မြန်မာနိုင်ငံဘက်ခြမ်းမှာ လျှောက်ထားရသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် မဲဆောက်တွင် မွေးဖွားသည့် မြန်မာနိုင်ငံသားကလေးများအတွက် သံရုံးမှ ချိတ်ဆက်ပြီး ဆောင်ရွက်ရန်အခက်အခဲတစ်ရပ်ဖြစ်နေခြင်း၊ မြန်မာနိုင်ငံ ခရိုင်နှင့် မြို့နယ် ကလေးသူငယ်စောင့်ရှောက်ရေးကော်မတီနှင့် တာ့ခ်ခရိုင်နှင့် မဲဆောက်ကလေးသူငယ်စောင့်ရှောက်ရေးကော်မတီတို့ပူးပေါင်းပြီး ကလေးသူငယ်အခွင့်အရေးရရှိရေး၊ ဥပဒေအကာအကွယ်ပေးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နားလည်မှုစာချွန်လွှာလက်မှတ်ထိုးရေးဆိုင်ရာများဆွေးနွေးကြသည်။

အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဇူလိုင် ၃၁ ရက်က ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လ-ဝ-ကရုံး၊ မဲဆောက်ပြည်သူ့ဆေးရုံ၊ ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်း၊ Child Development Centre နှင့် Social Action for Women Children တို့အား သွားရောက်လေ့လာခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## တိုင်းရင်းဆေးပညာ အသိပညာပေးခြင်းနှင့် အခမဲ့ကွင်းဆင်းကုသခြင်း ဆောင်ရွက်

**ရမည်းသင်း ဩဂုတ် ၄**
မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ခွဲ) နှင့် ရမည်းသင်းခရိုင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့ ပူးပေါင်း၍ ရမည်းသင်းမြို့ ကမ္ဘကျေးရွာဘုန်းတော်ကြီးကျောင်း၌ တိုင်းရင်းဆေးပညာ အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေး အခမဲ့ကွင်းဆင်းကုသခြင်းကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်တို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ခွဲ) ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဦးအောင်ထပ်က မြန်မာတိုင်းရင်းဆေးပညာ သိကောင်းစရာများ၊ ရာသီအလိုက်အဖြစ်များသော ရောဂါများအကြောင်းနှင့် လေဖြတ်ရောဂါမဖြစ်စေရေး ကြိုတင်ရှောင်ကြဉ်တတ်စေရန်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် တိုင်းရင်းဆေး တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ကြူကြူ၊ မန္တလေးတိုင်းဒေသကြီး ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး ဦးဆန်းလွင်၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်နှင့် တိုင်းရင်းဆေးဆရာ ဆရာမများ၊ ရမည်းသင်းခရိုင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်အေးအေးအောင်နှင့် ဝန်ထမ်းများက ကမ္ဘကျေးရွာ၊ သစ္စေးကျေးရွာ၊ လက်ပံတော(ရ) ကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် လက်ပံတော(န) ကျေးရွာတို့မှ ကျေးလက်ပြည်သူတို့ကို ဩဂုတ် ၂ ရက်မှ ၃ ရက်ထိ လူနာ ၇၅၃ ဦးအား ဆေးဝါး ကုသပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

## မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

**ညောင်ဦး ဩဂုတ် ၄**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် ညောင်ဦးမြို့မြတ်ပါရမီ သွေးလှူရှင်အသင်းမှ ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီက မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ပဉ္စမအကြိမ်မြောက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ညောင်ဦးမြို့ မြတ်ပါရမီသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးဝင်းလှိုင် ဦးဆောင်သော ပရဟိတသွေးလှူရှင်အသင်းများအဖွဲ့က အေသွေး ၁၀ လုံး၊ ဘီသွေး ၁၀ လုံး၊ အိုသွေး ခုနစ်လုံး စုစုပေါင်း သွေးပုလင်း ၂၇ လုံးအား စုပေါင်းလှူဒါန်းခဲ့ကြသည်။

**လှိုင်ဝင်းလေး ( ပုဂံမြေ )**



## ပန်းတနော်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီး

**ပန်းတနော် ဩဂုတ် ၄**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဩဂုတ် ၃ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပြိုကျပျက်စီးခဲ့သည်။



ထွင့်ချက်ကျေးရွာ၌ နေအိမ်တစ်လုံး၊ အင်းမကြီးကျေးရွာ၌ နေအိမ်နှစ်လုံး၊ မအူချောင်းကျေးရွာ၌ နေအိမ်သုံးလုံး အမိုးလန်ပျက်စီးခဲ့ပြီး နှစ်လုံးပြိုကျခဲ့သည်။ ကြက်ကျွန်းကျေးရွာ၌ နေအိမ်တစ်လုံးပြိုကျ၊ ရွှေလှေကျေးရွာ၌ နေအိမ်တစ်လုံး၊ ခန္တကဘိုကျေးရွာ၌ နေအိမ်တစ်လုံး၊ ရွာသာကြီးကျေးရွာ၌ နေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးခဲ့ရာ စုစုပေါင်းနေအိမ် ၁၈ လုံး အမိုးလန်ပျက်စီးခဲ့ပြီး နေအိမ်ပြိုကျပျက်စီးမှု စုစုပေါင်း သုံးလုံးရှိကြောင်း သိရသည်။ **ပြည့်ဖြိုးကျော် (ပြန်/ ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် အိမ်တစ်လုံးသစ်ပင်ပိ

**တနသ်ာရီ ဩဂုတ် ၄**
ဩဂုတ် ၃ရက် နံနက် ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုဒဏ်ကြောင့် တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့ ချောင်းကြီးရပ်ကွက် သုခလမ်းမှ ဒေါ်တင်အေးခိုင်၏ နေအိမ်မှာ သစ်ပင်ပိမိပြီး နေအိမ်ပြိုကျ ပျက်စီးသွားခဲ့သည်။

တနသ်ာရီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲခေါင်မြင့် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ်ကိုင်းများကို ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြစ်ရေ စိုးရိမ်အမှတ်ကျော်လွန်ခြင်းကြောင့် နေအိမ်များ ပြောင်းရွှေ့

**ညောင်လေးပင် ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့၌ မြစ်ရေများ စိုးရိမ်အမှတ်အထက်ရောက်ရှိနေခြင်းကြောင့် မြေနိမ့်ပိုင်း မြစ်ကမ်းနံဘေးရှိကျေးရွာများမှ နေအိမ်များ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

မြေနိမ့်ပိုင်းနေ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၅၀ ခန့်အား နီးစပ်ရာဆွေမျိုးများအိမ်သို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တပ်မတော်သားများက စုပေါင်းကာ အရေးပေါ်ပြောင်းရွှေ့ပေးခဲ့ရသည်။ ပြောင်းရွှေ့နေထိုင်သောအိမ်ထောင်စုများအား နေထိုင်မှုနှင့် စားသောက်မှု အဆင်ပြေစေရေးအတွက် မြို့နယ်သဘာဝဘေးကြီးကြပ်မှုကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများမှ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ယခုရေကြီးမြင့်မှုကြောင့် ရွှေကျင်မြို့နယ်ရှိ အထက(ခွဲ) ဆုံကုန်းကျောင်း၊ မူ(လွန်) သောင်လည်မောင်းရုံကျောင်း၊ မူ(လွန်) ညောင်ဝိုင်းကျောင်းများအား ယာယီပိတ်ထားခဲ့ရသည်။ **ခင်မောင်လွင် (ညောင်လေးပင်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်များပြောင်းရွှေ့

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၄**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ အမှတ်(၆) ရပ်ကွက်ရှိ မြေနိမ့်ပိုင်းလူနေအိမ်များတွင် ရေများဝင်ရောက်လျက်ရှိပြီး ရေဘေးရှောင်စခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအား ဗိုလ်တဲတွင် အိမ်ထောင်စု ၃၅ စု၊ ဗညားအောင်ရော်ဘာခြံကုန်းတွင် ၂၆ စုနှင့် ဆွေမျိုးနီးစပ်ရာအိမ်တွင် ၁၅ စု အိမ်ထောင်စုပေါင်း ၇၆ စု၊ လူဦးရေ ၃၃၀ တို့အား နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် မြို့နယ်တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုမျိုး(ဇမိမြေ)**

# တစ်ပတ်အတွင်း ကြည့်ရှုသူ သန်း ၅၀ ပြည့်ခဲ့ပြီဖြစ်တဲ့ ITZY ရဲ့တေးဗီဒီယိုသစ်



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "ITZY" ရဲ့ မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ပြီးနောက် တစ်ပတ်အတွင်းမှာ ကြည့်ရှုသူ သန်း ၅၀ ပြည့်မြောက်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"ITZY" ရဲ့တေးသီချင်းသစ် "ICY" ကို ဇူလိုင် ၂၉ ရက်က တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် တစ်ပတ်မပြည့်မီ ဩဂုတ် ၄ ရက်မှာတော့ ကြည့်ရှုသူသန်း ၅၀ ပြည့်ခဲ့တာ ဖြစ်ပါတယ်။

တေးသီချင်းသစ်တွေ ထုတ်လွှင့်ခဲ့ခြင်းမရှိတာ အတော်လေးကြာခဲ့ပြီးနောက်မှ ပြန်လည်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါတေးသီချင်းသစ်ဟာ အဖွဲ့အတွက် အောင်မြင်မှုမှတ်တိုင်သစ်တွေကို ယူဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းသစ်ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၁၈ နာရီအတွင်းမှာပင် ကြည့်ရှုသူ ၁၀ သန်း ပြည့်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"ICY" တေးသီချင်းဟာ နွေရာသီအတွက် ရည်ရွယ်ဖန်တီးထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး တေးဗီဒီယိုမှာတော့ အဖွဲ့ဝင်တွေရဲ့ ဖက်ရှင်ကျတဲ့အပြင်အဆင်တွေနဲ့ ဆွဲဆောင်မှုရှိတဲ့ ကကွက်တွေကို တက်ကြွသွက်လက်တဲ့ဟန်နဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီတေးဗီဒီယိုမှာတော့ အရောင်စုံအလှတွေကိုလည်း တွေ့မြင်ရမှာပါ။



## တေလာဆွစ်ရဲ့တေးအယ်လ်ဘမ်သစ် နားဆင်ပွဲ ပြုလုပ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လက်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို ပရိသတ်အချို့ကိုသာ တက်ရောက်ခွင့်ပေးကာ စုပေါင်းနားဆင်ပွဲကို ပြုလုပ်ခဲ့ကြောင်း၊ လက်ရှိမှာ မထုတ်လွှင့်ရသေးတဲ့ တေးအယ်လ်ဘမ်သစ်ကို တိတ်တဆိတ်စုပေါင်းနားဆင်ခဲ့တဲ့ပွဲဟာ ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရပါတယ်။

တေလာဆွစ်ရဲ့တေးအယ်လ်ဘမ်သစ် "Lover" အတွက် တေးသီချင်းစုပေါင်းနားဆင်ပွဲကို ဩဂုတ် ၂ ရက်က လန်ဒန်မှာ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ "Lover Secret Session 2019" လို့ အမည်ပေးထားတဲ့ တွေ့ဆုံပွဲရဲ့ပထမဆုံးအကြိမ်မှာ ပါဝင်ခဲ့ကြတဲ့ ပရိသတ်တွေက ဒီအကြောင်းကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

## ရုပ်ရှင်သစ်ရဲ့အောင်မြင်မှုအတွက် ပရိသတ်ကို ကျေးဇူးတင်လိုက်တဲ့ ယွန်နနဲ့ ဂျိုဂျန်ဆပ်



ကေပေ့ါပ်ကြယ်ပွင့်အဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ယွန်နနဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂျိုဂျန်ဆပ်တို့ရဲ့ ရုပ်ရှင်သစ်ဟာ လက်ရှိမှာ ရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ ဒီလို အောင်မြင်မှုရရှိခဲ့တဲ့အပေါ် သရုပ်ဆောင်နှစ်ဦးက ကျေးဇူးတင်ကြောင်း အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယွန်နနဲ့ ဂျိုဂျန်ဆပ်တို့ရဲ့ ရုပ်ရှင်သစ် "Exit" ဟာ ဒေသတွင်းမှာ စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်မှာတော့ အခြားသော ရုပ်ရှင်တွေအားလုံးရဲ့ဝင်ငွေထက် ကျော်လွန်ရရှိခဲ့တာ ဖြစ်ပါတယ်။ ကိုရီးယားရုပ်ရှင်အစည်းအရုံးရဲ့ပြောကြားချက်အရ အဆိုပါရုပ်ရှင်ကို လေးရက်အတွင်း ကြည့်ရှုခဲ့သူ နှစ်သန်းခန့်ရှိကြောင်းလည်း သိရပါတယ်။

## နေအိမ်အကျယ်ချုပ်နဲ့ ဒဏ်ငွေအမေရိကန်ဒေါ်လာ သန်း ၇၀ ပေးဆောင်ခဲ့ရတဲ့ ဖန်ဘင်းဘင်း



ကျော်ကြားတဲ့တရုတ်မင်းသမီးတစ်ဦးဖြစ်သူ ဖန်ဘင်းဘင်းဟာ ပြီးခဲ့တဲ့နှစ်အတွင်းက သူရင်ဆိုင်ခဲ့ရတဲ့ အခွန်ရှောင်မှုတွေနဲ့ပတ်သက်ပြီး ချမှတ်ခံခဲ့ရတဲ့ ပြစ်ဒဏ်တွေအကြောင်းကို လတ်တလောမှာ မီဒီယာကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဖန်ဘင်းဘင်းဟာ ပြစ်ဒဏ်တွေ ခံယူခဲ့ပြီးတဲ့နောက် လတ်တလောမှာ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်လုပ်ဆောင်လာတာဖြစ်ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းမှာ အခွန်ရှောင်ခဲ့ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် ဖန်ဘင်းဘင်းဟာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်တာ မတွေ့ရတော့သလို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာလည်း သူ့ကို မတွေ့ရတော့ပါဘူး။ ဒီလို လှုပ်ရှားမှုတွေမရှိတော့တဲ့ ဖန်ဘင်းဘင်းဟာ အဲဒီနှစ်ရဲ့အောက်တိုဘာလအတွင်းမှာ အများရှေ့ပြန်လည်ပေါ်ထွက်လာတာ တွေ့ရပါတယ်။

ဖန်ဘင်းဘင်းဟာ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ အခွန်ရှောင်မှုနဲ့ပတ်သက်ပြီး သူခံယူခဲ့ရတဲ့ ပြစ်ဒဏ်တွေအကြောင်းကို ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဖန်ဘင်းဘင်းက သူဟာ အခွန်ရှောင်မှုအတွက် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရတာဖြစ်ပြီး ဒဏ်ငွေအဖြစ်လည်း အမေရိကန်ဒေါ်လာ သန်း ၇၀ ပေးဆောင်ခဲ့ရတယ်လို့ဆိုပါတယ်။ နေအိမ်အကျယ်ချုပ်ကျခံခဲ့ရာမှာလည်း သူ့ရဲ့နေအိမ်မှာမဟုတ်ဘဲ အခြားသီးခြားလျှို့ဝှက်နေရာတစ်ခုမှာ နေခဲ့ရတာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဖန်ဘင်းဘင်းဟာ အနုပညာလုပ်ငန်းတွေကနေ ရရှိခဲ့တဲ့ ဝင်ငွေတွေကို အမှန်အတိုင်း အခွန်ငွေပေးဆောင်ခဲ့ခြင်းမရှိဘဲ ဝင်ငွေကို ထိန်ချန်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခွန်ရှောင်မှုနဲ့ သတင်းတွေထွက်လာပြီး တာဝန်ရှိသူတွေက စစ်ဆေးခဲ့ရာမှာတော့ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့တာကြောင့် အရေးယူခံခဲ့ရတာလည်း ဖြစ်ပါတယ်။

## BTS ရဲ့ ပွဲဦးထွက် တေးသီချင်း ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုတွေကို "No More Dream" တေးသီချင်းနဲ့ စတင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်နေပြီဖြစ်တဲ့ "BTS" ရဲ့ ပွဲဦးထွက်တေးသီချင်း "No More Dream"ဟာ လက်ရှိမှာတော့ ကြည့်ရှုသူ သန်း ၁၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၃ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့ပထမဆုံးသော တေးအယ်လ်ဘမ် "2 BOX 4 SKOOL"မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "No More Dream"ဟာ ဩဂုတ် ၃ ရက်မှာ ကြည့်ရှုသူ သန်း ၁၀၀ ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုဟာ အဖွဲ့ရဲ့တေးသီချင်းတွေအနက် ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့တဲ့ ၂၆ ခုမြောက် တေးသီချင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အဖွဲ့ရဲ့ပရိသတ်တွေကလည်း "BTS" ရဲ့မှတ်တိုင်သစ်အတွက် အမှတ်တရအဖြစ် အွန်လိုင်းမီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြကာ အဖွဲ့ရဲ့ အောင်မြင်မှုအတွက် ဂုဏ်ယူကြောင်း ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# လေဘေးသင့်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့

**သထုံ သြဂုတ် ၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့ရသူများအား မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၄ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

သထုံမြို့နယ် မဲဆန္ဒနယ်မြေ အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က သြဂုတ် ၂ရက်ည ၁၁ နာရီဝန်းကျင်ခန့်က ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်နှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက မွန်ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားခဲ့မှု အခြေနေများကိုရှင်းလင်းကာ လေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်နှင့် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်တို့က အစိုးရအဖွဲ့မှ ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြပြီး မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က သထုံမြို့နယ်အတွင်းရှိ လေဘေးသင့် အိမ်ခြေ ၁၂၇ လုံးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ အား ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြသည်။

**သက်ဦး(သထုံ)**






# Myanmar Fitness Dance ပြိုင်ပွဲ ဖျာပုံမြို့၌ ပြုလုပ်

**ဖျာပုံ သြဂုတ် ၄**

အမျိုးသမီးများ စုပေါင်းကိုယ်လက်လှုပ်ရှားကြခြင်းဖြင့် ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်လျက် ဖျာပုံခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် Myanmar fitness Dance သင်တန်းဆင်းပွဲနှင့် စွမ်းရည်ပြသမှုပြိုင်ပွဲကို သြဂုတ် ၄ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲကျင်းပရာ ပထမဆုကို Ever Smile အဖွဲ့၊ ဒုတိယဆုကို ပန်းကလေးများ၏ ဥယျာဉ်မှူးအဖွဲ့၊ တတိယဆုကို Angels အဖွဲ့တို့က အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ဖျာပုံမြို့တွင် အမျိုးသမီးများ ကျန်းမာကြံ့ခိုင်စေရေးနှင့် ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံကြရင်း စိတ်ကျန်းမာပျော်ရွှင်စေရေးအတွက် Myanmar Fitness Dance လှုပ်ရှားမှုများကို နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# နိုင်ငံတကာကားမောင်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် သြဂုတ် ၄**

ကမ္ဘာ့အသိအမှတ်ပြုပြိုင်ပွဲအနေဖြင့် မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ်လက်ခံကျင်းပသော (၂၄) ကြိမ်မြောက် Asia Cross Country Rally 2019 နိုင်ငံတကာကားမောင်းပြိုင်ပွဲကို မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ကားလေးစီးနှင့် ဆိုင်ကယ်နှစ်စီးတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအား ဂျပန်နိုင်ငံရှိ R1 နှင့် မြန်မာနိုင်ငံရှိ Myanmar Motor Sports Organization တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲ၌ ဂျပန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကိုရီးယား၊ ထိုင်းနှင့် ထိုင်ဝမ်အပါအဝင် အနောက်နိုင်ငံများမှ ပြိုင်ပွဲအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ထိုင်းနိုင်ငံ ပတ္တယားကမ်းခြေမှ သြဂုတ် ၁၀ ရက်တွင် စတင်ထွက်ခွာလာမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲစတင်သည့်သြဂုတ် ၁၀ ရက်မှစတင်၍ ထိုင်းနိုင်ငံ၌ သုံးရက်ကြာ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြဝတီမြို့သို့ရောက်ရှိကာ ပြည်တွင်း၌ သုံးရက်ကြာထပ်မံယှဉ်ပြိုင်မည်ဖြစ်ပြီး သြဂုတ် ၁၆ ရက်တွင် နေပြည်တော်၌ ပန်းဝင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲခရီးမိုင်အရှည်မှာ ကီလိုမီတာ ၂၀၀၀ ကျော် ရှိမည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့အသိအမှတ်ပြု ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သလို မြန်မာ့ယဉ်ကျေးမှုကိုပါ အခြားနိုင်ငံများက သိရှိသွားမှာဖြစ်ပါတယ်" ဟု နိုင်ငံတကာ ကားမောင်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုဟန်မော်ကောင်းက ပြောသည်။

ပြိုင်ပွဲလမ်းကြောင်းများမှာ အဝေးပြေးလမ်းများမဟုတ်ဘဲ အသွားအလာနည်းသော မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကျောက်ကြမ်းလမ်း၊ ရွှံ့လမ်းနှင့် တောင်ပေါ်လမ်းစသော လမ်းကြမ်းများတွင် မောင်းနှင်ရမည်ဖြစ်ပြီး ကားမောင်းပြိုင်ပွဲ၊ မော်တော်ဆိုင်ကယ်ပြိုင်ပွဲနှင့် ဆိုက်ကား (ဆိုင်ကယ်ဘေးတွဲ) ပြိုင်ပွဲတို့အတွက် ဆုများကို နေပြည်တော်တွင် သြဂုတ် ၁၆ ရက်ညပိုင်းတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ကားမောင်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးနှစ်ဦး၊ ဆိုင်ကယ်ပြိုင်ပွဲ၌ အမျိုးသားနှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက်တွင် အဆိုပါပြိုင်ပွဲဝင်များအား ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ပြုပြင်ရေးယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး လိုက်ပါဆောင်ရွက်ပေးသွားမည့်အပြင် ပြိုင်ပွဲဝင်ဆိုင်ကယ်များအတွက် အုပ်ချုပ်ရေးနှင့် ပြုပြင်ရေးယာဉ်နှစ်စီးတို့ လိုက်ပါဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို သြဂုတ် ၃ ရက်ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းရှိ Mingalardon Garden City ၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ကားများနှင့် ဆိုင်ကယ်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# Wisdom House စာအုပ်တိုက် (၁၃)နှစ်ပြည့် အထိမ်းအမှတ် ဟောပြောပွဲကျင်းပ




**ရန်ကုန် သြဂုတ် ၄**

Pro 1 Global Home Center Myanmar နှင့် Wisdom House တို့ ပူးပေါင်းစီစဉ်သည့် Wisdom House စာအုပ်တိုက် (၁၃)နှစ်ပြည့် အထိမ်းအမှတ် လူငယ်နှင့် ပရော်ဖက်ရှင် ဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ စာရေးဆရာ ကြည်မင်းက လူငယ်နှင့် ပတ်သက်သည့် ရွေးချယ်ခွင့်များ၊ လူငယ်များကြီးပွားရန် အားဖြည့်လမ်းညွှန်စာပေများ၊ ဘဝအားမာန်ရအောင် ဖြည့်ဆည်းပေးရေး၊ လမ်းမှန်ရွေးတတ်စေရန် လမ်းညွှန်ပေးမည့် စာပေများ ရေးသားရန်လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆရာ ကြည်ရွှန်းက အလုပ်လုပ်ရသည့်အခါတွင် ပရော်ဖက်ရှင်နယ်ဆိုသည့် အသက်မွေးဝမ်းကျောင်းဖြင့် လုပ်ရမှု၊ အလုပ်ကိုရွေးချယ်သည့်အခါ ကိုယ်နှင့်သင့်လျော်၊ မှန်ကန်သည်ဆိုပါက ကြီးပွားအောင်မြင်မှု၊ လူများသည် ရောက်ရှိသည့် ဘဝတွင် ပျော်ရွှင်စိတ်ချမ်းသာစွာဖြင့် ကိုယ့်အသက်မွေးဝမ်းကျောင်းကို လုပ်ကိုင်ပါက အောင်မြင်နိုင်မှု စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေါက်တာတင်မမစိုးက မိမိတို့ရလာသည့် အလုပ်အကိုင်ကို လုပ်ငန်းခွင်တွင် အောင်မြင်ပျော်ရွှင်အောင် မည်ကဲ့သို့ လုပ်ကိုင်ရမည်၊ လုပ်ငန်းခွင်တွင် အောင်မြင် ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ရန်၊ လုပ်ငန်းခွင်တွင် ရှိသည့် လူများနှင့် အဆင်ပြေအောင် နေထိုင်တတ်ရန်၊ သဘောထားမတူညီမှုများရှိပါက တူညီသည့် သဘောထားများဖြင့် ကိုင်တွယ်ဖြေရှင်းတတ်ရန် စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒေါက်တာဖြိုးသီဟက အလုပ်လုပ်ကြမည်ဆိုလျှင် ကျွမ်းကျင်မှုရှိရန်၊ မလုပ်သင့် မလုပ်ထိုက်သည့် အရာများ၊ စိတ်ခံစားချက်များ ထိန်းရန်၊ လုပ်ငန်းခွင်တွင် ထိခိုက်စေမည့် အပြုအမူများဆင်ခြင်ရန်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရာတွင် ပရော်ဖက်ရှင်နယ်ဆန်ရန်၊ ပရော်ဖက်ရှင်ပီပီသသလုပ်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်မည် စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းကြပြီး Wisdom House စာအုပ်တိုက် အထွေထွေမန်နေဂျာ ဦးမင်းကျော် (စာရေးဆရာ အေးကျော်မင်း)က ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်း-ဥမ္မာသန့်**

**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွန်း**

# အဆင့်မြင့်မင်္ဂလာဈေးသစ် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ၉၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်မြို့တွင်တည်ဆောက်နေသည့် အဆင့်မြင့်လက်ကားဈေးကြီးဖြစ်သော အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ၉၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် မြေအောက်ထပ်ကြမ်းခင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။



**အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။**

ဈေးသစ်တည်ဆောက်သည့် စီမံကိန်းဧရိယာအတွင်း Basement (မြေအောက်ထပ်) နှစ်ထပ်အပါအဝင် အထပ်မြင့် ၁၅ ထပ်ရှိ ဈေးသစ်အဆောက်အအုံကို ဆောက်လုပ်မည်ဖြစ်ပြီး မြေညီထပ်နေရာတွင် ဘဏ်များ၊ စားသောက်ဆိုင်များနှင့် အဆင့်မြင့်စူပါမားကက်ကိုပါ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။

မြေအောက်ထပ် (Basement) နှစ်ထပ်အပါအဝင် ခြောက်ထပ်မှ ၁၃ ထပ်အထိကို ယာဉ်အစီးရေ ၇၀၀ ကျော် ရပ်နားနိုင်မည့် ယာဉ်ရပ်နားရာကားပါကင်နေရာပါဝင်မည်ဖြစ်ပြီး ကိုးထပ်နှင့် ၁၀ ထပ်တွင် ဆိုင်ခန်းများနှင့် ကုန်လှောင်ရုံများပါဝင်မည်ဖြစ်ကာ ၁၁ ထပ်မှ ၁၃ ထပ်အထိ ရုံးခန်းများ ထည့်သွင်းဆောက်လုပ်မည်ဖြစ်သည်။

စီမံကိန်းအတွင်းရှိ ဆောက်လုပ်ရေးကုမ္ပဏီမှ ရရှိမည့်အပိုင်းနေရာတွင် အထပ်ငါးထပ်မှ ရှစ်ထပ်အထိ ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ကို ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး မြေညီထပ်မှ လေးထပ်အထိကို ယခင်မင်္ဂလာဈေးမီးလောင်မှုကြောင့် ဈေးအတွင်း ဆိုင်ခန်းများ ငှားရမ်းကာရောင်းချနေကြသည့် ဈေးသူ ဈေးသားများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲကာ ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြင့်မင်္ဂလာဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပြီးခဲ့သည့် မေလတွင် ပန္နက်ရိုက်ပြီး ဆာဗေးလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ဇူလိုင်လတွင် ပိုင်ရိုက်ခြင်းလုပ်ငန်းများ စတင်ခဲ့ကြောင်း၊ အဆင့်မြင့်မင်္ဂလာဈေးသစ်အား ၂၀၂၂ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်ထားကြောင်း အဆင့်မြင့်မင်္ဂလာဈေးသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မြေနေရာအကျယ်အဝန်း ၈ ဒသမ ၂၆၈ ဧကပေါ်တွင် ဆန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီမှ အကျိုးတူပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဈေးသစ်တည်ဆောက်လုပ်ရေးစီမံကိန်းအတွက် ငွေကျပ် ၆၈ ဘီလီယံကုန်ကျခံကာ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် စားသုံးဆီများလှူဒါန်း

**ကလေး ဩဂုတ် ၄**

ချင်းပြည်နယ် (မြောက်ပိုင်း) ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ၃၅ ကျောင်းနှင့် ဗုဒ္ဓဘာသာသီလရှင်ကျောင်းနှစ်ကျောင်းတို့အား ဆွမ်းဆန်တော်များနှင့် စားသုံးဆီများ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

အောင်ဇမ္ဗူတောရဆရာတော်ကြီးနှင့် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ လှူဒါန်းသော မော်တော်ဆိုင်ကယ်၊ ဆွမ်းဆန်တော်၊ စားသုံးဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ အလှူရှင်များက ချင်းပြည်နယ် (မြောက်ပိုင်း) ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းများမှ ဆရာတော်ကြီးများထံ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းသို့လှူဒါန်းရာတွင် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ၃၅ ကျောင်းနှင့် ဗုဒ္ဓဘာသာသီလရှင်ကျောင်းနှစ်ကျောင်းတို့အား တစ်ကျောင်းလျှင် မော်တော်ဆိုင်ကယ်တစ်စီး၊ ဆွမ်းဆန်တော်တစ်အိတ်၊ စားသုံးဆီတစ်ပုံးတို့အား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မော်တော်ဆိုင်ကယ်များလှူဒါန်းခြင်းနှင့်ပတ်သက်၍ မိုးရာသီကာလတွင် မော်တော်ကားများ သွားလာရေးခက်ခဲသောကြောင့် တောင်တန်းဒေသများတွင် သာသနာပြုနေသော အရှင်သူမြတ်များ အဆင်ပြေစွာသွားလာသာသနာပြုနိုင်ရေးအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင်များထံမှ သိရသည်။

**ကလေးခရိုင် (ပြန်/ဆက်)**



# ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့ဗိမာန် စာကြည့်တိုက်တွင် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက စာအုပ်လှူဒါန်းပွဲကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်စုစုပေါင်း၁၄ ခုအတွက် တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ရှိ ခေတ်ပုံရိပ်၊ ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်၊ ဝတ္ထုစုစည်းမှု (ကလောင်စုံ) စာအုပ် ၁၀၀ ကို စာရေးဆရာမကြီးကြူကြူသင်းက လှူဒါန်းခဲ့ရာ သဃ်္န်းကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါဝင်းမြိုင်က လက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုဘုန်း**

# ဘူမိဗေဒကျောက်ဥယျာဉ်ဖွင့်လှစ်ရန် ကျောက်များစုဆောင်း

**မုံရွာ ဩဂုတ် ၄**

ဘူမိဗေဒကျောက်ဥယျာဉ်တစ်ခုကို မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနရှေ့တွင် တည်ဆောက်ထားရှိရန် စီစဉ်လျက်ရှိရာ ၎င်းကျောက်ဥယျာဉ်၌ ကျောက်အမျိုးအစားစုံလင်စွာထားရှိနိုင်ရေး ဒေသတွင်းကျောက်မျိုးများကို စုဆောင်းလျက်ရှိကြောင်း မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်မြင့်နီက ပြောကြားသည်။

"အခုရောက်ရှိတဲ့ကျောက်တွေက ဘူမိဗေဒဌာနမှာ တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းပြီးလို့ လုပ်ငန်းခွင်မျိုးစုံမှာရောက်နေတဲ့ ကျောင်းသားကျောင်းသူဟောင်းတွေက ကိုယ်တိုင်ရှာဖွေကြတယ်၊ တချို့က စက်အား၊ လူအားတွေနဲ့ စုပေါင်းပြီးလှူဒါန်းကြတာဖြစ်တယ်၊ ကျောက်ဥယျာဉ်ကို အလျားပေ ၄၀၊ အနံပေ ၇၀ အကျယ်ရှိတဲ့ အဆောက်အအုံတစ်ခုကို တည်ဆောက်ထားရှိမှာဖြစ်တယ်" ဟု မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်မြင့်နီက ပြောသည်။

ယခုလက်ရှိတွင် ဘူမိဗေဒကျောက်ဥယျာဉ်၌ ထားရှိရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းကင်းဒေသတွင်ထွက်ရှိသည့် ကျောက်စရစ် (Gravels) အမျိုးအစားနှင့် မုံရွာမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းမှထွက်ရှိသော (Basalt) မီးတောင်ကျောက်အမျိုးအစားများကို စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေဃျာတိုင်း)**

# တောင်ပြုန်းပွဲတော် ဆိုင်ခန်းအားလုံးနီးပါး ရောင်းချ

**မတ္တရာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုန်းပွဲတော်ကို နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၈ ရက် (ဩဂုတ် ၈ ရက်) မှ ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၁၅ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆိုင်ခန်း ၉၀၀ ခန့်တွင် ဆိုင်ခန်း ၃၀ ခန့်သာကျန်ရှိ၍ အားလုံးနီးပါး ရောင်းချပြီးဖြစ်ကြောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးကျော်ကျော်ထံမှ သိရသည်။

"ဒီနှစ်မှာ အရင်နှစ်တွေကထက် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပြင်ဆင်မှုတွေ ပိုပြီးလုပ်ထားပါတယ်။ လက်ဆေးကန်တွေ၊ အမှိုက်ပုံးတွေချထားဖို့ မတ္တရာမြို့နယ်စည်ပင်သာယာရေးအကူအညီနဲ့ အမှိုက်ပုံးတွေ များများချထားဖို့၊ Mask တွေ အခမဲ့ဖြန့်ဝေတာတွေလုပ်ဖို့ စီစဉ်ထားပါတယ်။ ကျန်းမာရေးဌာနလမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်မှာပါ" ဟု တောင်ပြုန်းနန်းထိန်းမိသားစုဝင်တစ်ဦးက ပြောသည်။

တောင်ပြုန်းပွဲတော်တွင် အုန်းငှက်ပျောဆိုင်ခန်း၊ ကရေကရာစားသောက်ကုန်ဆိုင်ခန်း၊ ရိုးရာလက်မှုပစ္စည်း အရောင်းဆိုင်ခန်းများနှင့် အခြားဈေးဆိုင်ခန်းများ စသည်တို့ကို တစ်ခန်းလျှင် ငွေကျပ် ၂၀၀၀၀၀ နှင့် အောက်ဈေးနှုန်းလေးမျိုးခွဲ၍ ရောင်းချခဲ့ရာ ဆိုင်ခန်းပေါင်း ၉၀၀ ခန့်တွင် ၃၀ ခန့်သာ ကျန်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကျင်းပ

**ပေါက်**

မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်စကားခန်းမ၌ ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

မြို့နယ်ပညာရေးမှူး ဦးမြင့်ဌေးနှင့် အထက်တန်းပြဆရာမ ဒေါ်လှသူဇာတို့က စာပေဖတ်ရှုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

### စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ဩဂုတ် ၄ ရက်က ကျောင်းသား ကျောင်းသူများ၊ ကျေးလက်နေပြည်သူများအား အသိပညာဗဟုသုတများ ရရှိစေရေးနှင့် အစားအသောက်များနှင့်ပတ်သက်၍ ရှောင်ရန်ဆောင်ရန်များသိရှိစေရန် ရည်ရွယ်လျက် အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ကျောင်းအုပ်ဆရာမ ဒေါ်ခိုင်ခိုင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်နေလင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေရည်ရွယ်ချက်များ၊ ဒုဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက ထုပ်ပိုးရာတွင်ပါရှိရမည့်အချက်အလက်များကို အသီးသီးရှင်းလင်းပြောကြားကြသည်။

**ကိုမျိုး(ယောရော)**

### ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်က စတင်ထုတ်ချေးပေးလျက်ရှိရာဩဂုတ် ၂ ရက်တွင် ကျေးရွာအုပ်စု ၃၈ အုပ်စုမှ တောင်သူပေါင်း ၈၅၀၈ ဦးအား ချေးငွေကျပ် ၅၇၁၅၁၀၀၀၀၀ ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဘဏ်မန်နေဂျာ ဦးစန်းလွင်ထံမှ သိရသည်။

ယခုနှစ်တွင် ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၀၊ ကျေးရွာပေါင်း ၂၀၄ ရွာရှိပြီး လျာထားသည့် တောင်သူဦးရေပေါင်း ၁၂၀၀၀ ကို ချေးငွေကျပ်သိန်းပေါင်း ၇၆၀၀၀ ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# တက္ကသိုလ်နှင့် တီထွင်ဆန်းသစ်ပြောင်းလဲမှု

ဒေါက်တာမျိုးကြွယ်
(NEPC)

တက္ကသိုလ်နှင့် တီထွင်ဆန်းသစ်ပြောင်းလဲမှု (University and Innovation)သည် မဖြစ်မနေ ပြုလုပ်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတက္ကသိုလ်များသည် သမားရိုးကျ သင်ကြားပေးရုံ၊ သုတေသနပြုလုပ်ပေးနေရုံဖြင့် မရတော့ဘဲ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အားပေးသောဘာသာရပ်များ အစားထိုးသင်ကြား သုတေသနပြုမှုနှင့်အတူ တီထွင်ဆန်းသစ်ပြောင်းလဲမှုကို ပြုလုပ်ရမည် ဖြစ်ပါသည်။

ဟောင်ကောင်၊ စင်ကာပူအစရှိသည့် တက္ကသိုလ်များတွင် နှစ်စဉ်သင်ရိုးညွှန်းတမ်းပြောင်းလဲမှု ပြုလုပ်နေပြီး လက်ရှိသင်ကြားနေသော ဘာသာရပ်များသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးမရှိတော့ဟူ၍ အဖွဲ့ဖြင့် ဆုံးဖြတ်ပြီးပါက တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော ဘာသာရပ်များကို လဲလှယ်သင်ကြား သုတေသနပြု၍လည်းကောင်း၊ ထိုဘာသာရပ်အဟောင်းများ သင်ကြားပေးနေမှုကို ခေတ္တရပ်ဆိုင်းထား၍လည်းကောင်း၊ နှစ်စဉ် ကျောင်းသားကျောင်းသူအရေအတွက်လျှော့ချ၍ ခေါ်ယူခြင်းဖြင့်လည်းကောင်း စီမံဆောင်ရွက်လျက် ရှိပါသည်။

**ချက်ချင်းမရနိုင်**

ဤသို့ ပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်၏ လူ့စွမ်းအား၊ အဆောက်အဦ၊ အချိန်ကုန်ဆုံးမှု၊ သင်ကြားနေရသော ကျောင်းသား ကျောင်းသူများ၊ မိဘများ၏ မလိုလားအပ်သည့် ငွေကြေးကုန်ကျမှုများ လျှော့ချနိုင်ပါလိမ့်မည်။ ပညာရေးဆိုသည်မှာ “ခုရေတွင်းတူး၊ ခုရေကြည်သောက်”ဟူ၍ ချက်ချင်းမရနိုင်ဘဲ နိုင်ငံတော်၏ လူ့စွမ်းအားလိုအပ်ချက်ကို နောင်ငါးနှစ်၊ နောင်ဆယ်နှစ် လိုအပ်ချက်များနှင့် တွက်ချက်ခန့်မှန်းထားရပါမည်။ ပြည်သူအားလုံး သိရှိနေကြသော တက္ကသိုလ်ဘွဲ့ရ အလုပ်လက်မဲ့များ ရာခိုင်နှုန်းကိုလည်း လျှော့ချနိုင်ပါလိမ့်မည်။

နိုင်ငံတကာတက္ကသိုလ်များတွင်တော့ ပါမောက္ခချုပ်၊ အဓိပတိ ခန့်ထားခြင်းသည်ပင်လျှင် မဲအများစုဖြင့် ရွေးချယ်ခန့်ထားသည့်စနစ် (Elective System) ဖြစ်ကာ ပါမောက္ခချုပ်လုပ်နိုင်မည့်သူ၊ ဤတက္ကသိုလ်ဖွံ့ဖြိုးရေးအတွက် ခေါင်းဆောင်မှု(Leadership)၊ ဦးဆောင်မှုပေးနိုင်မည့်သူဖြစ်ပါက အခြားနိုင်ငံများက ထူးချွန်သူ ပါမောက္ခများကိုပါ ရွေးချယ်ခန့်ထားပြီး အပြုသဘောဖြင့် အပြိုင်အဆိုင် ဦးဆောင်မှုပေးနေပါသည်။

အမေရိကန်နိုင်ငံ အင်ဒီယားနားတက္ကသိုလ် (Indiana University) မှ ပါမောက္ခကြီး Dr.Barrett က မြန်မာနိုင်ငံတက္ကသိုလ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်စနစ်(University Autonomy)ကျင့်သုံးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲလာရောက်စဉ် ဆွေးနွေးပြောကြားသည်မှာ မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (Massachusetts Institute of Technology – MIT)ရှိ ဌာနများတွင် ပါမောက္ခငါးဦးလျှင် အလှည့်ကျ တစ်ဦးသာ စာသင်ကြားနေပြီး ကျန်လေးဦးမှာ သုတေသနပရောဂျက်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ တီထွင်ဆန်းသစ်မှုများဖြင့် မိမိတို့အချိန်များကို အသုံးချနေကြသည်ဟု ဆိုပါသည်။

**ပြင်ဆင်ထားရန်လိုအပ်**

ကျွန်တော်သည် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုး၊ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်တို့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်မြို့တက္ကသိုလ် (City University of Hong Kong) တွင်ကျင်းပသော “၂၁ ရာစုတွင် တက္ကသိုလ်များကို စီမံခန့်ခွဲခြင်း၊ နည်းဗျူဟာများနှင့် ဆန်းသစ်ပြောင်းလဲခြင်း (Managing Universities in the 21st Century: Strategies and Innovation)” အစည်းအဝေးကို ၁၇-၇-၂၀၁၉ မှ ၁၉-၇-၂၀၁၉ ရက်နေ့အထိ တက်ရောက်ခဲ့ရပါသည်။

ထိုအစည်းအဝေးတွင်-

(က) တက္ကသိုလ်များကိုဂုဏ်သတင်းကြီးစေရန် ဦးဆောင်ခြင်း၊ (ဥပမာ- မိမိတက္ကသိုလ် အမှတ်တံဆိပ်ကောင်း (Brand) ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ e.g. Harvard University, Oxford University, etc.)၊

(ခ) တက္ကသိုလ်များ အောင်မြင်မှုရရှိစေရန် စီမံခန့်ခွဲခြင်း၊

(ဂ) အနာဂတ်တက္ကသိုလ်များ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊

(ဃ)မိမိတက္ကသိုလ်တိုးတက်စေရန် ပူးပေါင်းညှိနှိုင်းခြင်းတို့ကို ဆွေးနွေးခဲ့ရပါသည်။


ဟောင်ကောင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်များ ပြုပြင်ပြောင်းလဲရေးအတွက် အကြံပြုဆွေးနွေးစဉ်။

အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှု၌ (Artificial Intelligence -AI) လူတို့၏ဉာဏ်ရည်ကို ကွန်ပျူတာဖြင့် ဖန်တီးတုပထားမှုသည် နိုင်ငံတကာတက္ကသိုလ်များတွင် မကြာမီ ကျယ်ပြန့်စွာ အသုံးပြုတော့မည်ဖြစ်၍ မိမိတို့ကလည်း ပြင်ဆင်ထားရန် လိုအပ်လာမည်ဖြစ်ကြောင်း သိရှိလာရပါသည်။

**ဈေးကွက်နှင့်တီထွင်ဖန်တီးနိုင်မှုစွမ်းရည်**

စီမံအုပ်ချုပ်မှုအပိုင်း၌ နိုင်ငံတကာတက္ကသိုလ်အများစုတွင် သမားရိုးကျ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ / သင်တန်း)စသည်တို့ မဟုတ်တော့ဘဲ ဈေးကွက်နှင့် တီထွင်ဖန်တီးနိုင်မှုစွမ်းရည်အရ ဒုတိယပါမောက္ခချုပ် (Pro-Rectors/Pro-Vice-Chancellors) များမှာ အောက်ဖော်ပြပါ ခေါင်းစဉ်အလိုက်-

(a) External Relations (ဒုချုပ်- ပြင်ပ / ပြည်ပ ဆက်သွယ်ရေး)၊

(b) Strategic Engagement (ဒုချုပ်- မဟာဗျူဟာမြောက် အဖွဲ့အစည်းဆက်စပ်မှု)၊

(c) Institutional Research and Planning (ဒုချုပ်- သုတေသနနှင့် စီမံကိန်း)၊

(d) Customer Relations (ဒုချုပ်- ဝယ်ယူမှုနှင့် ဆက်သွယ်ရေး)၊

(e) Community Engagement and Development (ဒုချုပ်- အုပ်စုလိုက် ဆက်စပ်မှုနှင့် တိုးတက်ရေး)၊

(f) Innovation, Planning and Research Development (ဒုချုပ်- တီထွင်ဖန်တီးရေး၊ စီမံကိန်းနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေး)၊

(g) Business and International Relations (ဒုချုပ်- စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး) ရာထူးသစ်များ တီထွင်ပြီး တက္ကသိုလ်အလိုက် ပြိုင်ဆိုင်မှုများ ပြုလုပ်နေသည်ကို မြင်တွေ့ရပါသည်။

တက္ကသိုလ်များတွင် သာမန်သမားရိုးကျ သင်ကြားရေးနှင့် သုတေသနဌာနများသာမက-

(a) Business Development Center (စီးပွားရေးဖွံ့ဖြိုးမှုဌာန)၊

(b) Technology Transfer Office (နည်းပညာလွှဲပြောင်းပေးရာရုံး)၊

(c) Community Communication and Marketing center (ဒေသဆိုင်ရာ ဆက်သွယ်ရေးနှင့် ဈေးကွက်မြှင့်တင်ရေးဌာန)၊

(d) Centre for Social Responsibility (လူမှုဘဝတာဝန်ယူပေးနိုင်မှုရုံးဌာန)၊


(e) Institutional Advancement Office (အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးစေရေးရုံး)စသည်ဖြင့် အမျိုးမျိုးဆန်းသစ်တီထွင်ကာ ဒေသ၊ လူမှုအဖွဲ့အစည်းများကို တက္ကသိုလ်များက ကူညီဆောင်ရွက်လမ်းညွှန်မှု ထဲထဲဝင်ဝင် ပြုလုပ်လျက်ရှိနေပါသည်။

**တီထွင်ဖွဲ့စည်းပြုလုပ်နေ**

ပုံမှန်ဘာသာရပ်သင်ဌာနများနှင့် မဟာဌာနများသည် သမားရိုးကျဌာနများမဟုတ်ဘဲ (ဥပမာ- ဖန်တီးနိုင်သော အနုပညာ၊ ဝိဇ္ဇာပညာ မဟာဌာန (Faculty of Creative Arts)၊ စွမ်းအင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်သင်တန်းကျောင်း (School of Energy and Environment)၊ အချက်အလက်သိပ္ပံပညာ အဆင့်မြင့်သင်တန်းကျောင်း (School of Data Science) စသည်ဖြင့်) နိုင်ငံအလိုက် လိုအပ်ချက်အရ တီထွင်ဖွဲ့စည်းပြုလုပ်နေသည်ကို တွေ့ရပါသည်။

ဥပမာ - ဇယား(၁)အရ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ စီးပွားရေးပြောင်းလဲမှု နှိုင်းယှဉ်ချက်အရ နောင်ငါးနှစ်တွင် မည်သည်က ဦးစားပေးပြုလုပ်ရမည်ကို သုတေသန ကြိုတင်ပြုလုပ်ထားခြင်း။

ဇယား(၁)မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ စီးပွားရေးပြောင်းလဲမှု နှိုင်းယှဉ်လေ့လာခြင်း




ဥပမာ- အထည်ချုပ်လုပ်ငန်းကို တက္ကသိုလ်တစ်ခုခုက ဦးဆောင်မှုကိုယူပြီး Faculty of Applied Science and Textiles ကိုဖွဲ့ကာ ထိုမဟာဌာန၏ အောက်တွင် Dept. Textile Engineering, Dept. of Chemical Technology, Dept. of Applied Mathematics, Institute of Textiles and Clothing , Dept. of Business and Entrepreneurship စသည်ဖြင့် အင်ဂျင်နီယာနှင့် စီးပွားရေး စွန့်ဦးတီထွင်မှုပညာများ တွဲဖက်သင်ကြား သုတေသနပြုနေသည်ကို တွေ့ရှိရပါသည်။

အင်ဂျင်နီယာပညာဆိုလျှင် သမားရိုးကျဌာနအဖြစ် ဖွင့်လှစ်ခြင်းမဟုတ်ဘဲ Faculty of Construction (ဆောက်လုပ်ရေးမဟာဌာန)အောက်တွင် Dept. of Building၊ Dept. of Real Estate၊ Dept. of Building Service Engineering၊ Dept. of Environmental Engineering (အိမ်ခြံမြေဆောက်လုပ်ရေး၊ ရောင်းဝယ်ငှားရမ်းမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေပါမကျန် စုစည်းသင်ကြား သုတေသနပြုနေသည်ကို တွေ့ရှိရပါသည်။)

**အပြိုင်အဆိုင်တီထွင်ဆန်းသစ်နေမှု**

တက္ကသိုလ်အလိုက် ဆောင်ပုဒ်အမျိုးမျိုး၊ ရည်မှန်းချက်အမျိုးမျိုးဖြင့်

(1) To Learn and to apply for the benefit of marking၊

(2) To become a leading global University: Excellence in Research and Professional Education၊

(3) Students success in Academic Achievement and Career Development စသည်ဖြင့် အပြိုင်အဆိုင် တီထွင်ဆန်းသစ် အကောင်အထည်ဖော်နေကြသည်ကို အတုယူရင်း မြန်မာနိုင်ငံဒေသ၊ ရေ၊ မြေ၊ ရာသီဥတု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသော ဘာသာရပ်များ၊ သုတေသနများ၊ တက္ကသိုလ်များမှ ဦးဆောင်ဦးရွက်ပြုရင်း ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟူ၍ တိုက်တွန်းလိုက်ရပါသည်။ ။

## ရွှေပြည်သာတွင် လူငယ်များ၏ ပညာရေးနှင့် အနာဂတ်အခွင့်အလမ်း စာပေစကားဝိုင်း ဆွေးနွေးဟောပြော

**ရွှေပြည်သာ ဩဂုတ် ၄**

လူငယ်များ၏ ပညာရေးနှင့် အနာဂတ်အခွင့်အလမ်း စာပေစကားဝိုင်း ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၄ ရက်က ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက် မြို့ဦးစေတီ သာသနာ့ဗိမာန်၌ ကျင်းပရာ စုအသက်မွေးဝမ်းကျောင်း သိပ္ပံ (ရွှေပြည်သာ)မှ သင်တန်းသား သင်တန်းသူများနှင့် ဒေသခံစာပေချစ်ပရိသတ် လူငယ် ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စုအသက်မွေးဝမ်းကျောင်းသိပ္ပံ (ရွှေပြည်သာ) ကြီးကြပ်ရေးအဖွဲ့တာဝန်ခံ ဦးဇော်မြတ်လင်းက "လူငယ်တွေအနေနဲ့ သူတို့ရဲ့ပညာရေးအတွက်၊ အနာဂတ်အခွင့်အလမ်းတွေအတွက် သူတို့ဆွေးနွေးချင်ရာ ဆွေးနွေးခွင့်ရအောင်လို့ ခရိုင်လူငယ်အဖွဲ့နဲ့ ပူးပေါင်းပြီး ဒီပွဲကို စီစဉ်ခဲ့တာပါ" ဟုပြောသည်။

အစီအစဉ် ပထမပိုင်းကို နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဦးမင်းကိုနိုင်က လည်းကောင်း၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဆရာမ ခင်သန္တာနှင့် ဆရာဦးထင်လင်းဦးတို့ကလည်းကောင်း လူငယ်များ၏ ပညာရေးနှင့် အနာဂတ်အခွင့်အလမ်းများ အကြောင်းတို့ကို အကျယ်တဝင့်ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသည့် လူငယ်များက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါ ဆွေးနွေးပွဲကို စုအသက်မွေးဝမ်းကျောင်းသိပ္ပံ (ရွှေပြည်သာ) ကြီးကြပ်မှုကော်မတီနှင့် NLD မြောက်ပိုင်းခရိုင် လူငယ်လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေမြင့်ဦး (ရွှေပြည်သာ)**



## အာဖရိကဝက်အပြင်းဖျားရောဂါဆိုင်ရာ စစ်ဆေးဆောင်ရွက်မည့်လုပ်ငန်း ရှင်းလင်းဆွေးနွေး

**လယ်ဝေး ဩဂုတ် ၄**

အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ဝင်ရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Pioneer Aerodrome ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နေပြည်တော်ဦးစီးမှူး ဒေါက်တာစံထွန်းဝေက အဖွင့်အမှာစကားပြောကြားပြီး တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိမ်းမော်နှင့် ဦးစီးအရာရှိ ဒေါက်တာအောင်ထွန်းတို့က အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားလျက်ရှိသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နမူနာကောက်ယူခြင်းလုပ်ငန်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ လက်တွေ့သရုပ်ပြဆောင်ရွက်သည်။

ဆက်လက်၍ Pioneer Aerodrome Service Co., Ltd. နှင့် သက်ဆိုင်ရာဌာနများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်မေးမြန်းဆွေးနွေးရာ ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ မကူးစက်နိုင်ကြောင်း၊ ဇီဝလုံခြုံမှုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ မွေးမြူရေးခြံကို သန့်ရှင်းစွာထားခြင်း၊ အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက်ထိန်းချုပ်ရန်တို့ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။ **ဆရာမင်း (ရှုပဗေဒ)**

## တနိုင်းမြို့နယ်၌ ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တနိုင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက မုန်ဒိန်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန ဆရာမဒေါ်ပြုံးချိုက ရာသီတုပ်ကွေးအကြောင်းအသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန ဆရာမဒေါ်ခေါန်နူးက ကျန်းမာရေးအသိပညာပေးအကြောင်းဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဦးက ဌာနအကြောင်း မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမဒေါ်ပြုံးချိုနှင့် ဆရာမ ဒေါ်ခေါန်နူးတို့အား အသင်း ဥက္ကဋ္ဌဒေါ်အေးအေးသန်းက အမှတ်တရပစ္စည်းများပေးအပ်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်အသစ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ရင်ထိုးတံဆိပ်များ၊ ရာသက်ပန်အသင်းဝင်ကတ်များနှင့် ဝတ်စုံများထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘောဇပြည်ပ ပညာသင်ဆု ဘားအံမြို့မှ ကျောင်းသားရရှိ

**ရန်ကုန် ဩဂုတ် ၄**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ပေးအပ်ချီးမြှင့်သည့် ပြည်ပပညာတော်သင်ဆု KBZ - UWCSEA Scholarship ကို ကရင်ပြည်နယ် ဘားအံမြို့မှ ကျောင်းသား စောဝီရက ရရှိခဲ့ကြောင်း သိရသည်။

**နှစ်နှစ် တက်ရောက်သင်ကြားခွင့်ရရှိမည်**

အဆိုပါပညာသင်ဆုရရှိသူသည် စင်ကာပူနိုင်ငံ United World College of South East Asia တွင် International Baccalaureate Program အား နှစ်နှစ် တက်ရောက်သင်ကြားခွင့်ရရှိမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင်လည်း ကချင်ပြည်နယ်မှ မဒယ်ဘရာက KBZ - UWCSEA Scholarship ကို ရရှိခဲ့သည်။

"ကျွန်တော်က Artificial Intelligence Engineer (AI Engineer) တစ်ဦးဖြစ်ချင်တာပါ။ အခု ပညာသင်ဆုရတော့ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။ နယ်မှလူငယ်တစ်ယောက်အတွက် ကြိုးစားမှုအရာထင်ခဲ့ပြီး ဆက်ပြီးလည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ တစ်ချိန်မှာ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်" ဟု စောဝီရက ပြောသည်။

ပညာသင်ခွင့်ရသည့် UWCSEA ကျောင်းသည် ကမ္ဘာအနှံ့တွင် ကျောင်းပေါင်း ၁၉ ကျောင်းဖွင့်လှစ်ထားသည့် United World Colleges (UWC) ၏ ကျောင်းခွဲတစ်ခုဖြစ်ပြီး တောင်အာဖရိကနိုင်ငံသမ္မတနှင့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် Nelson Mandela နှင့် ဝေလမင်းသား Prince Charles တို့ President များအဖြစ် တာဝန်ယူခဲ့သော ကျောင်းဖြစ်သည်။

ကမ္ဘောဇပညာသင်ဆုကို မြန်မာနိုင်ငံတစ်ဝန်းဒေသစုံမှ ကျောင်းသားကျောင်းသူများကို ဘာသာရပ်မျိုးစုံ၊ ပြည်တွင်းပြည်ပမှ ကျောင်းများ၊ ကောလိပ်များနှင့် သက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ပညာသင်နိုင်ရန် ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ပေးအပ်လျက်ရှိပြီး လက်ရှိအချိန်အထိ မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူပေါင်း ၁၃၀၀ ခန့်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ၁၀၀၊ Parami Institute တွင် လေးဦး၊ Precollegiate Program တွင် ခြောက်ဦး၊ United World College of South East Asia တွင် နှစ်ဦး၊ Myanmar Metropolitan College တွင် နှစ်ဦးတို့ကို ပညာသင် ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများပေးအပ်ထားကြောင်း သိရသည်။

**ကြေးမုံ**

## ငါ့သရောက်မြို့တွင် ထန်းသီးများအား ထန်းပင်မြစ်အတွက် စတင်ပျိုးထောင်

**ငါ့သရောက် ဩဂုတ် ၄**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် ထန်းသီးများအား ထန်းပင်မြစ်နှအဖြစ် စတင်ပျိုးထောင်နေပြီဖြစ်ကြောင်း မြေနဲကြီးကျေးရွာ ထန်းသီးများပျိုးထောင်နေသည့် ဦးအောင်လှိုင်ထံမှ သိရသည်။



ငါ့သရောက်မြို့ ပတ်လည်တွင် ထန်းပင်၊ ထန်းတောများ ဝိုင်းရံနေပြီး ထန်းသီးသီးချိန် နွားစာအဖြစ် ထန်းသီးများအား စဉ်းကျွေးခြင်း၊ ထန်းရေအတွက် ထန်းလှီးခြင်း၊ ထန်းသီးကို လောင်စာအဖြစ် အသုံးပြုရန် အခြောက်လှန်းခြင်း၊ ထန်းပင်မြစ်အတွက် ပျိုးထောင်ကာ ရောင်းချခြင်းတို့ လုပ်ဆောင်ကြကြောင်း သိရသည်။ ထန်းသီးများ ရင့်မှည့်ချိန် ဒေသခံများက ထန်းသီးကြွေများအား စုဆောင်းထားခြင်းဖြင့်လည်းကောင်း၊ နွားစာအဖြစ် ထန်းသီးများ နွားစာစဉ်းကျွေးချိန် ထန်းသီးဆန်များအား သဲဆန်သော မြေသားပေါ်စုပုံထားကာ ထန်းပင်မြစ်ပျိုးထောင် ရောင်းချကြောင်း ထန်းငယ်တော ကျေးရွာနေ ဦးရင်မောင်ထွေးက ပြောသည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် ထန်းပင်မြစ်များအဖြစ် ရောက်ရှိကာ ရောင်းချကြကြောင်း၊ ထန်းပင်မြစ်ပေါ်ချိန် ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ ညောင်ဦး ပွဲစားများမှ ပျိုးထောင်ထားသည့် နေရာအထိ လာရောက်ကာ ထန်းပင်မြစ်များအား ဝယ်ယူကြကြောင်း။

ငါ့သရောက်မြို့၌ ထန်းသီးပျိုးထောင်နေကြပြီဖြစ်ကြောင်း ထန်းငယ်တောကျေးရွာနေ ဦးရင်မောင်ထွေးက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

## တောင်ငူမြို့နယ်၌ လူဦးရေစာရင်း ကောက်ယူမှုလုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့် ပြီးစီး

**တောင်ငူ ဩဂုတ် ၄**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လူဦးရေစာရင်းနှင့် အချက်အလက်များကောက်ယူမှု လုပ်ငန်းအစည်းအဝေးကို ဩဂုတ် ၃ ရက် ည ၇ နာရီက တောင်ငူမြို့(၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရပ်မိရပ်ဖ ဦးကျော်လှ(သမာဓိ)က လူဦးရေစာရင်း မှန်မှန်ကန်ကန် ရရှိနိုင်ရေးနှင့် ပတ်သက်ပြီး အမှာစကားပြောကြားကာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက လူဦးရေစာရင်းနှင့် အချက်အလက်ကောက်ယူရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တောင်ငူမြို့ (၁၁)ရပ်ကွက်တွင် အိမ်ထောင်စုပေါင်း ၁၄၀၀ ကျော် လူဦးရေ ၅၀၀၀ ကျော်ရှိကာ ၅၀ ရာခိုင်နှုန်းခန့် စာရင်းကောက်ယူရရှိပြီးဖြစ်ကြောင်း သိရသည်။

တောင်ငူမြို့နယ်တစ်ခုလုံးအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စုရှိကာ အိမ်ထောင်စုပေါင်း ၄၉၀၀၀ ကျော်နှင့် လူဦးရေ ၂၄၀၀၀၀ ခန့်ရှိပြီး လူဦးရေစာရင်းနှင့် အချက်အလက်ကောက်ယူရေးအဖွဲ့ပေါင်း ၂၀၀ ကျော်တို့က ကွင်းဆင်းကောက်ယူလျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးထွန်းလင်း)-(ဒေါ်တင်ဝှက်)တို့၏ သား
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ပြည်လမ်း (၇)မိုင်နေ
သီရိသုမင်္ဂလာဓမ္မဇောတိကဓဇ ဦးလှဌေး-ဒေါ်ယဉ်ယဉ်လှ
Chairman of Htay Family Group of Companies & ZweKaPin United F.C Co.,Ltd.
Owner of ZweKaPin United Football Club တို့၏ ညီ၊ မောင်

**မောင်ထွန်းထွန်း**
B.A ( History )
Director of ZweKaPin United F.C Co.,Ltd.
Managing Director of Tun Thiri General Trading Co.,Ltd.

နှင့်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ အင်းယားမြိုင်လမ်းနေ
ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး
Chairman of SweSone Media Group & Prime View Business Centre (SGD) တို့၏သမီး

**ဒေါက်တာနှမြတ်သိင်္ဂီဦး**
M.B.,B.S (Ygn)
Director of SweSone Media Group
Chief Editor of The Chic Magazine & Good Health Journal

တို့သည် ၁၄-၇-၂၀၁၉ ရက်က ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel တွင် နှစ်ဖက်သော မိဘ၊ ဆွေမျိုး မိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထွန်းထွန်း-ဒေါက်တာနှမြတ်သိင်္ဂီဦး

---

## Shwe La Min Hospital

မိမိချစ်ခင်တန်ဖိုးထားရသော မိဘ၊ ဆွေမျိုးများအတွက် အမှန်မြတ်ဆုံးကျန်းမာရေးလက်ဆောင်ပေးလိုသော လူကြီးမင်းများအတွက် ကျန်းမာရေးစစ်ဆေးခြင်း Medical Check Up Gift Vouchers များကို အထူးသက်သာသော နှုန်းထားဖြင့် ရွှေလမင်းဆေးရုံတွင်ဝယ်ယူရရှိနိုင်ပါသည်။

→ Pre marital Package
→ Diamond Package
→ Silver Package
→ King Package
→ Gold Package
→ Queen Package

အမှတ်(၁၂၅၄)၊ သုခမွှာလမ်းမကြီး၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
Hot Line - 01 655612
အမှတ်(၁၅/၁၉)၊ ဓော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ Hot Line -01-2301949

---

## ဖျံ့-၅-ကောင်

အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

GENEVA GOLD STAR FOR QUALITY

**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တစ်ဆင့်တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၃(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

---

## ဦးခင်မောင်ထွေး (၅/မရန(နိုင်)၀၀၁၉၇၀) ဦးသန့်ခင်ထွန်း (၉/မရတ(နိုင်)၁၁၁၄၄၆)နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းကိုကျော် (၁၂/လသန(နိုင်) ၀၀၇၆၅၉)၊ မြေအမှတ်(၃၁၇)၊ ရပ်ကွက်ကြီး(၁၁)၊ ရေယင်ရပ်၊ မြို့ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီးတွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။


မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ (၆၃)လမ်း၊ (ဂုဏ်လမ်းနှင့် သခင်လမ်းကြား)၊ အမှတ်(တ-၂/၆၇)၊ NEW HIGH TREND Co.Ltd ၏MD ဟုဆိုသူ တန်ထရိုက်တာ အင်ဂျင်နီယာဦးခင်မောင်ထွေး(ယခုနေရပ်လိပ်စာမသိ)နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (မိုး၊ ငိုင်ရွာလမ်း)၊ (စ-၄/၇၁)နေ အင်ဂျင်နီယာဦးသန့်ခင်ထွန်းတို့သည် အတွေ့အကြုံရှိ ဆောက်လုပ်ရေးအင်ဂျင်နီယာများဖြစ်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ကောင်းသောဂုဏ်သတင်းဖြင့် ဆောင်ရွက်သူများဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံပြောဆိုသည်ကို ကျွန်ုပ်၏မိတ်ဆွေမှလည်း ယုံကြည်သဖြင့် ၎င်းပိုင်ဆိုင်လက်ဝယ်ထားရှိသော အထက်လိပ်စာပါ မြေကွက်ပေါ်တွင် RC Duplex နှစ်ခန်းတွဲနှင့် (၂)ထပ်၊ RC ပင်မအဆောက်အဦး ရှုပ်ပေါ်မီး (၂)လုံးတို့ကို PAE စနစ် 1sft.-ကျပ်၃၃၀၀၀/-နှုန်းဖြင့် ၂၀၀ရက်၊ ၈လ သက်ကြန့်မတိုင်မီ တည်ဆောက်ရေးကာလ(၅)လဖြင့် အပြီးတည်ဆောက်ပေးရန် သဘောတူညီခဲ့ကြသဖြင့် (၁-၁၁-၂၀၁၇)ရက်နေ့တွင် "အဆောက်အဦးဆောက်လုပ်ခြင်းဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်များ"ကို အသိသက်သေများရှေ့တွင် အသီးသီးချုပ်ဆို၍ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ကြပြီး ကျွန်ုပ်၏မိတ်ဆွေဘက်မှ အထက်ပါစာချုပ်အရ သတ်မှတ်ချက်များအတိုင်း အဆင့်အလိုက်ကျသင့်ငွေများကို အပြေအကြေပေးချေခဲ့သော်လည်း လူကြီးမင်းတို့ကန်ထရိုက်တာများဘက်မှ ယနေ့အထိ တည်ဆောက်ချိန်ကာလ စုစုပေါင်း(၁နှစ်နှင့် ၉လ)တိုင်အောင် အချိန်မီ တည်ဆောက်ပေးခြင်းမရှိသည့်အပြင် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စာချုပ်ပါ စျေးနှုန်းနှင့် မလျော်ညီစွာ အရည်အသွေးနှင့် စံနှုန်းမကိုက်ညီသော အမှားများစွာဖြင့် ဆောက်လုပ်ထားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေအား ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာရှိနေပါသည်။

ဦးခင်မောင်ထွေးနှင့် ဦးသန့်ခင်ထွန်းတို့ထံသို့ ကျွန်ုပ်မှတဆင့် အကြောင်းကြားစာများကို အသီးသီးပေးပို့အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ ဖုန်းဖြင့် တစ်ကြိမ်စီသာဆက်သွယ်ပြီး ကျွန်ုပ်မိတ်ဆွေ၏နစ်နာမှုများအတွက် ပြည့်ဆည်းဖြေရှင်းဆောင်ရွက်မှုမျိုးကို လာရောက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံလူကိုယ်တိုင်လာရောက်၍ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးရန်နှင့်ပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ မလွဲမရှောင်သာအရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဦးခင်မောင်ထွေး၊ ဦးသန့်ခင်ထွန်းနှင့်သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆/၁၉၈၉)**
တရားလွှတ်တော်ရှေ့နေ

ရုံး -အခန်း(၃၀၁/၁)၊ တိုက်(၉/၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၃၃၀၀၈၆၉၄၊ ၀၉ ၅၉၈၅၉၈၀၀

---




---

## စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်ဓားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

---

## BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အရှေ့ပြင်းဖြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်၊
Ph: 09-5076661, 09-5076662, 09-5076663

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း၊
Ph: 09-5425251, 09-73225484

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်၊ မုခ်ဦး၊ အုတ်တံတိုင်း ဒါယကာကြီး

## ဦးမြမောင် (ကျုံပျော်)

### အသက်(၈၆)နှစ်

ရန်ကုန်မြို့ အမှတ်(၁၀၉)၊ D-2/3၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးမောင်ရေ-ဒေါ်ဂျမ်း)တို့၏ သား၊ မြနန္ဒာကျောင်းတိုက် ဆရာတော် ဦးနန္ဒိယ၏ အလှူ့ဒါယကာကြီး၊ မြနန္ဒာသာသနာပြု၊ ဒေါ်နီနီအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးယုဝင်း-ဒေါ်မြဥမ္မာ၊ ဦးကိုကိုမောင်-ဒေါ်ခင်သီတာဖြိုး၊ ဦးညီညီမောင်(ခိုင်စိုး)-ဒေါ်မီမီလွင်၊ ဒေါ်မြသန္တာတို့၏ ဖခင်၊ ရတနာမိုးယု၊ မွှေးအိန္ဒြာမိုးယု၊ နန္ဒဝင်းထွဋ်၊ သီဟန်မိုးယု၊ နန္ဒရတနာတို့၏အဘိုး **ငါးထပ်ကြီးဘုရား၊ ဂေါပကအဖွဲ့ဝင် (ငြိမ်း)၊ မြနန္ဒာရာမ မြို့ဦးကျောင်းတိုက် ဒါယကာကြီး၊ ရုပ်ရှင်မင်းသားဟောင်းကြီး၊ ရွှေနဂါးဗီဒီရို၊ ရွှေမင်းသားဆေးဆိုးပန်းရိုက် ကော်မာလုပ်ငန်း- ငါးထပ်ကြီးကျောင်းတိုက် ရာသက်ပန်ဆွမ်းအလှူရှင် ဦးမြမောင်**သည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေး သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီ

### အသက်(၈၀)

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ အမှတ်(၁၆၈)၊ စံပြ(၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်နေ (ဦးလှဖေ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဦးဘချစ်-ဒေါ်လှရင်)တို့၏ သမီး၊ ဦးမြ (Ship Design and Construction Engineer ဒေါပုံသင်္ဘောကျင်း-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သန်း (မြကန်သာ-သင်္ဘောကျင်း)-ဒေါ်မြမြရီ (လ/ထ ညွှန်မှူး၊ ရေကြောင်းဦးစီးဌာန)၊ ဦးမိုးရဲဇော် (အကောက်ခွန်-ငြိမ်း)-ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်မျိုးရီ (S.A.E၊ စစ်ဆေးရေးဌာန၊ YCDC)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေယျာနောင် (Production Engineer, Nawarat Advance Prefabt Myanmar)၊ မောင်ဇေယျာနိုင် (1st Yr, Botany, E.Y.U)၊ မရွှေယမင်းဦး (1st Yr, Law, E.Y.U)၊ မောင်ဥက္ကာကျော် (အထက-၂၊ ဗိုလ်တထောင်)တို့၏ ဘွားဘွား သည် ၃-၈-၂၀၁၉ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ထွဋ် (ခ) Peter Sein Mg

### အသက်(၇၅)နှစ်

**Highland Lodge Hotel**

ရန်ကုန်မြို့နေ [ဦးစိန်မောင် (စိန်မောင်ရုပ်ရှင်)-ဒေါ်တင်အေး]တို့၏ ဒုတိယသား၊ [ဦးစိုးမင်း(ခ) Harry Sein Mg]-ဒေါ်ခင်လှတို့၏ ညီ/မောင်၊ ဒေါ်မာမာစိန်မောင်၊ ဒေါ်မာလာစိန်မောင်၊ ဦးဘိုဘိုစိန်မောင်-ဒေါ်ယဉ်ယဉ်ကြည်၊ ဒေါ်ချိုချိုစိန်မောင်တို့၏ အစ်ကို၊ ဒေါ်သန်းသန်းနွယ်(ယခင် ပထဝီဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးသန့်၊ ဒေါ်လှစုနွယ်-ဦးပီတာအောင်၊ ဦးစိုးသန့်တို့၏ ချစ်လှစွာသောဖခင် Paige Ung၊ Alex Ung တို့၏ အဘိုးသည် ၃၁-၇-၂၀၁၉ ရက်တွင် Australia နိုင်ငံ Rockhampton မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းထွန်း

အထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့စီးပွားရေးဘဏ်-ဘဏ်ခွဲ(၂)ရန်ကုန်မြို့

### အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတလည်မြို့ ဈေးပတ်လမ်းနေ (ဦးစံရွှေ-ဒေါ်အေး)တို့၏ သားကြီး၊ ပြည်မြို့ ခေတ္တရာမြို့သစ်၊ ရွှေတံခါးလမ်း၊ အမှတ်(၅၃)နေ ဒေါ်နီနီလှိုင် (ဒုတိယကြီးကြပ်ရေးမှူး-ငြိမ်း၊ မြန်မာ့စီးပွားဘဏ်၊ ပြည်မြို့)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ [ဦးသန်းချို (ဒု-ဥက္ကဋ္ဌ-၂၊ ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)]-ဒေါ်လှမြင့်၊ (ဦးကျော်ဆွေ)-ဒေါ်သန်းသန်းနုအောင် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ပေါင်းတလည်မြို့နေ (ဦးသိန်းဇော်)၊ (ဒေါ်မြင့်မြင့်ရီ)၊ ဦးအောင်စိုးကြည်-ဒေါ်သောင်းသောင်းဝေတို့၏ အစ်ကိုကြီး၊ တူမခုနစ်ယောက်တို့၏ ဦးကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ပြည်မြို့အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ ညီအစ်ကို မောင်နှမ မိသားစုများ

**အနိစ္စ**

သထုံမြို့နယ်အသင်း (ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

## ဒေါ်စီစီမြင့် (သထုံ)

### အသက်(၆၅)နှစ်

အသင်းဝင်အမှတ်-၁၆၉၇

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၁၆/အေ)၊ မြေညီထပ်နေ (ဦးမြင့်သိန်း-ဒေါ်သန်းနွဲ့)တို့၏ သမီး၊ (ဦးစောလွင်-ဒေါ်ပြုံးညွှန့်)၊ ဒေါ်မေစီစန်းတို့၏ တူမ သည် ၂-၈-၂၀၁၉ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

**ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

သီဟသုဓမ္မဇကဝိဓောတရေ

## ဦးစိုးသိမ်း (မြို့နယ်ရဲတပ်ဖွဲ့မှူး-ငြိမ်း)

### အသက်(၈၂)နှစ်

ဒိုက်ဦးအသင်း

ရန်ကုန်မြို့ အမှတ်(၄၉/၅၃)၊ အုတ်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးလှဘော်-ဒေါ်အေးကြည်)တို့၏ သား၊ သုဓမ္မသီဂီဒေါ်ယဉ်ယဉ်နု (မြတ်မွန်ရတနာသက်န်းတိုက်)၏ ခင်ပွန်း၊ (ဦးဇေယျာသိမ်း)၊ ဦးသောင်းထွဋ်-ဒေါ်မြင့်မြင့်စိုး (စင်ကာပူ)၊ ဦးကျော်စိုးမိုး-ဒေါ်သန်းသန်းဌေး၊ ဦးတင်စိုးကျော်(လ/ထ ညွှန်မှူး၊ DMA)-ဒေါ်တင်ရွှေ(အလပြ)၊ ဦးကျော်ဇေယျ၊ ဦးလှမိုးသိမ်းတို့၏ ဖခင်၊ မြေးခုနစ် ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၄-၈-၂၀၁၉ ရက် နံနက် ၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဦး

### အသက်(၇၉)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၉/B)ရပ်ကွက်၊ အကောက်ခွန်(၂)လမ်း၊ အမှတ်(၁၀)နေ (ဦးဂေါ်ဟုတ်ဘွန်-ဒေါ်ရီ)တို့၏ သမီးကြီး၊ [ဦးသိန်းဟန် (လ/ထ ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးလှမင်းဟန်-ဒေါ်တင်တင်ခိုင်၊ ဒေါ်မူမူဟန်၊ ဒေါ်သင်းသင်းဟန်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်၊ မဆုရတီထက်ဟန်၏အဘွား ဒေါ်ခင်ဦးသည် ၄-၈-၂၀၁၉ ရက် နံနက် ၁း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွေးမြင့်

### အသက်(၇၄)နှစ်

အင်ဂျင်နီယာမှူး(ငြိမ်း) (ရေ/သန့်)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၃) ပထမထပ်၊ ခေမာလမ်းနေ (ဦးချင်းဖော်-ဒေါ်ရှုလှိုင်)တို့၏ သား၊ (ဦးဘအောင်-ဒေါ်မြသင်)တို့၏ သားသမက်၊ ဒေါ်ခင်မာအောင်၏ ခင်ပွန်း၊ (ဦးစိန်ဖုန်း)-ဒေါ်တင်ဌေးရီ၊ ဦးဘဘ-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်သင်းသင်းလှိုင်တို့၏ အစ်ကို၊ ဦးနေလင်းဦး-ဒေါ်လင်းလင်းမြတ်၊ ဦးအောင်နိုင်ထူး၊ ဦးသူရန်ငြိမ်း-ဒေါ်အေးသီတာမြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂း၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးတင်မောင်မောင်ဝင်း

### အသက်(၅၈)နှစ်

ရန်ကုန်မြို့ အရှေ့ဒဂုံမြို့နယ်၊ သခင်ခင်ဇော်(၁)လမ်း၊ အမှတ်(၅၄)နေ ဦးစိန်ဝင်း (ဆပ်ပြာစက်ရုံ-၁၊ ငြိမ်း)-ဒေါ်စန်းစန်းဝင်း (London)တို့၏ သား၊ ဦးအောင်စိုးမြင့်-ဒေါ်လီလီချိုဝင်း တို့၏ မောင်၊ Mr.Clinton Pedlow-Mrs. Annie Pedlow၊ ကိုသောင်းဒန်၊ မမီမီဝင်း၊ ကိုဘိုဘိုဝင်း-Mrs. Phut Ingphayung တို့၏ အစ်ကို၊ မောင်ဥက္ကာစိုး၊ မောင်အာကာစိုး-မသူဇာအောင်၊ မောင်ဝဏ္ဏစိုး-နန်းခင်သင်းအေး၊ Ms. Wilailak Ingphayung တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုးလေး၊ ရန်ကုန်မြို့ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ C-15, 1006 နေ ဒေါ်ဝင်းဝင်းသန့် [တွဲဖက်ပါမောက္ခ၊ ဌာနမှူး (ဂျပန်) မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်]၏ခင်ပွန်း ဦးတင်မောင်မောင်ဝင်းသည် ၃-၈-၂၀၁၉ (စနေနေ့) ည ၇း၅၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဝင်းလှိုင်

ဒုတိယ အင်ဂျင်နီယာချုပ်
ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ၊ ကချင်ပြည်နယ်

### အသက်(၅၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာနေ ဦးချစ်-ဒေါ်တင်ကြည်တို့၏ သား၊ ညောင်လေးပင်မြို့နေ ဦးကောက်-ဒေါ်ခင်ကြည်တို့၏ သားသမက်၊ မောင်ဖြိုးမြတ်ဝင်းလှိုင်၏ ဖခင်၊ ဒေါ်အေးအေးခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Praran-9 ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်တပင်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးသက်နိုင်ဦး(ခ)ကိုကြီးမယ်ဒယ်

### အသက်(၄၁)နှစ်

(သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်(၅)လမ်း၊ တိုက်အမှတ်(၅၃/၁)နေ ဦးမောင်မောင်လေး-ဒေါ်တိုးတိုးဝင်း(FEID)တို့၏ သားကြီး၊ ဦးသက်နိုင်စိုး-ဒေါ်လင်းလင်းမိုးတို့၏ အစ်ကို၊ မောင်ဂလိုရီပိုင်စိုးလင်း၏ဘကြီး ဦးသက်နိုင်ဦး(ခ)ကိုကြီးမယ်ဒယ်သည် ၄-၈-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ မွေ့ရုံ ဒါယကာကြီး

## ဦးလှချို (ဖားကူး)

### အသက်(၉၄)နှစ်

အမှတ်(၁၇)ဘီရုံ၊ သိမ်ကြီးဈေး

ပဲခူးမြို့ ရတနာသီရိန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ၏ ရဟန်းခမည်းတော်ကြီး၊ အမှတ်(၂၁)၊ ဂန္ဓမာလမ်း၊ တပ်မြေ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးအောင်တိုး-ဒေါ်ဖွားသိန်း)တို့၏ သားကြီး၊ (ဒေါ်ကြင်ရှု)၊ (ဦးအုန်းမြင့်)-ဒေါ်လှလှဝင်း၊ ဒေါ်ကျင်စိန်တို့၏ အစ်ကိုကြီး၊ ဦးတင်ထွန်းဝင်း (စီမံကိန်း/အကြံပေး၊ အာရှဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ခင်ခင်စိုး၊ ဦးတင်ထွန်းလင်း-ဒေါ်အေးအေးမူ၊ ဦးမင်းမင်း(ငြိမ်း-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ၂၇ လမ်း)၊ ဒေါ်ခင်ခင်ဝင်း (ကျောက်တံတားကျန်းမာရေးဌာန) တို့၏ကျေးဇူးရှင် ဘကြီး ဦးလှချိုသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ မွေ့ရုံ ဒါယကာကြီး

## ဦးလှချို (ဖားကူး)

### အသက်(၉၄)နှစ်

အမှတ်(၁၇)ဘီရုံ၊ သိမ်ကြီးဈေး

ပဲခူးမြို့ ရတနာသီရိန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ၏ ရဟန်းခမည်းတော်ကြီး၊ အမှတ် (၇၉/၈၁)၊ (၅၂)လမ်း၊ (အပေါ်ထပ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးအောင်တိုး-ဒေါ်ဖွားသိန်း) တို့၏ သားကြီး၊ (ဒေါ်ကြင်စိန်)၏ ခင်ပွန်း၊ ဦးစိုးသန်း-ဒေါ်မြမြရီ၊ ဦးသိန်းထွန်း (ငြိမ်း-သတ္တဗေဒ)-ဒေါ်သန်းသန်းရီ(ငြိမ်း-သတ္တဗေဒ) တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကိုအာကာကျော်-ဒေါက်တာချိုဇင်သန်း၊ ဒေါက်တာမေသက်ခိုင် (မကွေးတိုင်းပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာရဲထွန်းဦး (လှိုင်သာယာပြည်သူ့ဆေးရုံကြီး)တို့၏ ကျေးဇူးရှင် အဘိုး ဦးလှချိုသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Paschal ဦးမျိုးသန့်(ခ)ဦးချစ်ဦး

အထက်တန်းပြကျောင်းဆရာ(ငြိမ်း)
အထက(၄) ပုဇွန်တောင်
အထက(၁) ဗိုလ်တထောင်
အထက(၃) ပန်းဘဲတန်း

### အသက်(၈၅)နှစ်

ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၊ Naing Group Sule Tower(2) ပထမထပ်၊ အခန်း(၃၈)နေ (အင်ဒရူးဦးစိန်-မာဂရက်ဒေါ်အေးသွယ်)တို့၏ သားထွေး၊ ဒေါ်လူစီ ၏ ခင်ပွန်း၊ Fr.Hubert ဦးမျိုးသန့်ဦး၊ အရှင်မဟိဿရ(ခ) ဦးမျိုးသန့်လွင်၊ ဦးမျိုးသန့်စဉ်-ဒေါ်တင်ထွေးရီ၊ (ဦးမိုးကျော်)-ဒေါ်စန္ဒာမျိုးသန့်၊ ဦးသူရမောင်-ဒေါ်သန္တာမျိုးသန့် (U.S.A)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး Paschal ဦးမျိုးသန့်(ခ)ဦးချစ်ဦးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဗိမာန်၌ မိစ္ဆာပူဇော်၍ ဂူသွင်းသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်အောင်ကျော်လမ်း၊ စိန့်မေရီကာသီဒြယ်နှင့် စိန့်ဂျွန်းမောင်ထော်လေးကက်သလစ်ဘုရားရှိခိုးကျောင်း (ဗိုလ်ဆွန်ပတ်လမ်း)တို့မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီဝင်း (ရန်ကင်း)

### အသက်(၈၄)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၁၃၆/၂)နေ ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး (ဦးညာဏ-ဒေါ်စောမြ)တို့၏ သမီး၊ အောင်လံမြို့နေ (ဦးလှဖေ-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ (ဦးအောင်စိန်-ဒေါ်လှမြင့်)၊ (ဦးတင်ထွတ်-ဒေါ်တင်တင်)၊ (ဦးစောထွတ်-ဒေါ်သန်းသန်း)၊ (ဦးအေး)-ဒေါ်မြမြဝင်း၊ ဦးငွေလွင်-(ဒေါ်ရွှေရွှေ)၊ (ဦးကြည်ဝင်း)-ဒေါ်ဖြူဖြူဝင်း တို့၏ ညီမ၊ (ဦးတက်ထွတ်)-ဒေါ်ရင်ကြည်တို့၏ အစ်မ၊ (ဦးအုန်းမောင်)၏ ချစ်လှစွာသောဇနီး ဒေါ်နီနီဝင်းသည် ၃-၈-၂၀၁၉ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီဝင်း (ရန်ကင်း)

### အသက်(၈၄)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက် (၁၃၆/၂)နေ ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး (ဦးညာဏ-ဒေါ်စောမြ)တို့၏ သမီး၊ အောင်လံမြို့နေ (ဦးလှဖေ-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ (ဦးဌေးနိုင်)-ဒေါ်လှလှဝေ၊ ဒေါ်မိမိ၊ (ဦးကျော်ဇင်)-ဒေါ်စုစုအုန်း၊ ဦးဇော်အုန်း-ဒေါ်မိမိခိုင်၊ ဒေါ်ဝင်းဝင်းအုန်း (မိုး/ဇလ-လ/ထ ညွှန်မှူး-ငြိမ်း)၊ ဦးထွန်းထွန်း-ဒေါ်ဆွေဆွေအုန်း၊ ဒေါ်ဝေဝေအုန်း (ဘတ်ဂျက်/ငွေစာရင်း-စည်ပင်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုအောင်စည်သူ (2nd MATE)-မမိုမိုကျော်စိန်၊ Dr.ရတနာ၊ ကိုထင်ကျော်၊ မမေဖူးအောင်၊ မဇွန်ပွင့်ဖြူခင်၊ မထက်ထက်အောင်၊ မောင်ဖြိုးသန့်ဇော်တို့၏ ချစ်လှစွာသောအဘွား ဒေါ်နီနီဝင်းသည် ၃-၈-၂၀၁၉ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# Volleyball Championship ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် SMM 3rd U-23 Asian Men's Club "Asia World Foundation "Volleyball Championship ပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C)တို့၌ကျင်းပသည်။

**ဆက်လက်ယှဉ်ပြိုင်**

ယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ပါကစ္စတန်အသင်းနှင့် ဘာရိန်းအသင်း၊ သီရိလင်္ကာအသင်းနှင့် မြန်မာအသင်း၊ တရုတ်(တိုင်ပေ)အသင်းနှင့် ကာတာအသင်း၊ ထိုင်းအသင်းနှင့် တရုတ်အသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဗီယက်နမ်အသင်းနှင့် ကာဇက်စတန်အသင်း၊ အိန္ဒိယအသင်းနှင့် နယူးဇီလန်အသင်း၊ ဂျပန်အသင်းနှင့် ဆော်ဒီအာရေဗျအသင်း၊ ဟောင်ကောင်အသင်းနှင့် ဩစတြေးလျအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယှဉ်ပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

**အခမဲ့ကြည့်ရှုနိုင်**

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)နှင့်(C)တို့၌ နေ့စဉ်နံနက် ၁၁ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘော အားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



သီရိလင်္ကာအသင်းနှင့် မြန်မာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

# MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် Southern အသင်း နိုင်ပွဲရရှိ


ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဩဂုတ် ၄**
၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် Southern အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက် - သုံးဂိုး**
**ရတနာပုံ - နှစ်ဂိုး**

ချန်ပီယံဆုအတွက် အရေးပါသည့်ကာလတွင် ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ချန်ပီယံ

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖**

## တရုတ်-အာဆီယံ ယူ-၁၂ ပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ် သရေကျ

**နေပြည်တော် ဩဂုတ် ၄**
၂၀၁၉ တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို တရုတ်နိုင်ငံ၌ ယနေ့ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပထမနေ့တွင် ကမ္ဘောဒီးယားကို အနိုင်ရရှိကာ ထိုင်းကို ရှုံးထားပြီး တတိယပွဲတွင် ဗီယက်နမ်နှင့် သရေကျခဲ့ခြင်းဖြစ်သည်။ အုပ်စုသုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပြီး လေးမှတ်ရရှိထားသည်။ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စု (ခ) တွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်နေပြီး အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အုပ်စုနောက်ဆုံးပွဲမှာ အရေးပါလျက်ရှိသည်။ **ရှိုင်းထက်ဇော်**

ကြေးမုံ ယနေ့ဖတ်စရာ

**မြေပြင်မှ ဝေဟင်ပစ် အဆင့်မြင့်ဒုံးကျည် အိန္ဒိယ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်**
စာမျက်နှာ » ၁၃

**BTS ရဲ့ ပွဲဦးထွက် တေးသီချင်း ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်**
စာမျက်နှာ » ၂၀

**တက္ကသိုလ်နှင့် တီထွင်ဆန်းသစ်ပြောင်းလဲမှု**
ဆောင်းပါး-စာမျက်နှာ » ၂၃

